မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျ နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီ အာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)ဇစ် အယ်လ်ဆာအုဒ်(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အနာဂတ်နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များနှင့်အညီ ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင်ဆောင်ရွက် ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံဖွံ့ဖြိုးရေးအတွက် ပညာစွမ်းအားဖြင့် ပြည့်ဆည်းမြှင့်တင်ပေးနိုင်မည်

အတတ်ပညာ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုစွမ်းအားကောင်းများနှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်

ရန်ကုန် စက်တင်ဘာ ၂၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Kyoto University၊ SEEDS Asia(Japan) နှင့် SEEDS India တို့ ပူးပေါင်း၍ နာဂစ်မုန်တိုင်းဒဏ် ခံရသော ဒေသများတွင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာ၌ သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာ ပညာပေးအလုပ်ရုံဆွေးနွေးပွဲ (Safer Shelter Construction National Level Training Workshop) ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေ(လှိုင်မြို့နယ်)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ❐

မြန်မာ့အလင်း နည်းပညာသိပ္ပံ



အကြမ်းဖက်သမားများ နှိမ်နင်းမည့်စက်ရုပ်

ဂျပန်နိုင်ငံ ဆန်ညိုကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သော စက်ရုပ် FRIGO-DD သည် အကြမ်းဖက်တိုက်ခိုက်ရေးသမားများအား နှိမ်နင်း နိုင်သောစက်ရုပ်အဖြစ် အသုံးပြုနိုင်သည်။

__ဖြည့်ဆည်းပေး__

အကြမ်းဖက်မှုများပြားလာသည့် ယနေ့ကမ္ဘာအတွက် လိုအပ် ချက်ကို ဖြည့်ဆည်းပေးလိုက်ခြင်းလည်းဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၄ ●

အင်တာနက် ကျန်းမာရေး

ဗီတာမင်စီ ပုံမှန်စားသုံးခြင်းဖြင့် သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းကို ကာကွယ်နိုင်ဟုဆို

ဗီတာမင်စီပါဝင်သော ဟင်းသီးဟင်းရွက်များနှင့် ဗီတာမင်စီ အများဆုံးပါရှိသည့် ဆေးဝါးများကို နေ့စဉ်စားသုံးပါက သွေးပေါင်ချိန် မြင့်တက်မှုကို လျော့ကျစေနိုင်ကြောင်း အီတလီဆေးသုတေသနပညာရှင် များက ပြောကြားသည်။

__*ကာကွယ်ပေးနိုင်*__

ဗီတာမင်စီသည် နှလုံးသွေးဖိအားကို လျော့ကျစေပြီး နှလုံးသွေး လွှတ်ကြောများ ထိခိုက်ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ဗီတာမင်စီပါဝင်သော အသီး အရွက်များကို သီတင်းတစ်ပတ်လျှင် *စာမျက်နှာ ၆ ကော်လံ ၃* ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်)

လေဘေးသင့်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှု အောင်မြင်မှုရ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်

လွန်ခဲ့သော မေလဆန်းက လေဘေးသင့်ခဲ့သည့် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မူလအခြေအနေထက် လူနေမှုအဆင့်အတန်း အသက်မွေးဝမ်းကျောင်းပုံစံ ပိုမိုအဆင့်မြင့်မားစေရန် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပိုမိုတိုးတက်လာခဲ့ပြီ ဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သာမန် တည်ဆောက်ရေးမဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဦးတည်၍ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

မြို့နှင့်ကျေးရွာများ ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်ပေးရာတွင် ဆေးရုံများ ပိုမိုခေတ်မီပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပါ မြှင့်တင်ပေးနိုင်ရန်အတွက် ရုံးများ၊ ကျောင်းများ ပိုမိုခိုင်ခံ့အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် လေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရာမှာ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ ကွင်းဆင်းကုသရေးအဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အထူးအဖွဲ့များကလည်း ရောဂါဝေဒနာရှင်များကို တစ်နေရာတည်းမှာအခြေပြု၍ ရောဂါကုသပေးမှု လုပ်ငန်းများသာမက ရောဂါကာကွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကလည်း ဆေးကုသပေးခြင်း၊ ဆေးပညာဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင်များ၏ ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် လေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ ရောဂါဆိုးများကျရောက်ခြင်းမှ ကင်းလွတ်ခဲ့ရသည်။

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆောင်ရွက်ချက်များကို ချီးကျူးဂုဏ်ပြုခံရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း အောင်မြင်လျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ဂုဏ်ယူဝမ်းသာမှု အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

သို့ဖြစ်ပါ၍ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပါအဝင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို ပိုမိုတိုးမြှင့် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက် လယ်ယာသုံးရိတ်သိမ်းစက်များ တီထွင်ထုတ်လုပ်

နေပြည်တော် စက်တင်ဘာ ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက မန္တလေးတိုင်း စက်မှုဇုန်နယ်မြေရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံနှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း သကြားလုံးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်၌ ကျောက်ဆည် စက်မှုနယ်မြေမှ စက်ရုံမှူးများနှင့် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ငွေကြေးသုံးစွဲမှုနှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်ရေးတို့အတွက် မှာကြားသည်။

အရှိန်အဟုန်မြှင့်

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် နံနက်၁၀နာရီခွဲတွင် မန္တလေးစက်မှုဇုန်ရှိ မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ မိတ္ထီလာစက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရေး၊ လယ်ယာသုံးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်တိုအတွင်း အသုံးပြုနိုင်ရန် လယ်ယာသုံးရိတ်သိမ်းစက်များကို စက်မှုဇုန်များက တီထွင်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	မြန်မာစာ မြန်မာစကား
၅း၂၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၁၀။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၄၀	၁၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၅၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	နိုင်ငံတကာသတင်း
၆း၂၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၆။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၇။	လျှပ်တစ်ပြက်
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၁၈)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အမျိုးသားရေးတေးကဗျာ
	၂၂။	မွေးမြူသုတ
	၂၃။	ဗွီစီဒီကျော်ကြားတေးများ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း-၂၅)

နမ့်စန်-လွိုင်လင်-ပင်းလတ် ဓာတ်အားလိုင်းတည်ဆောက်မှု လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၀ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းပွန်မြို့အနီး ၁၃၂ကေဗွီ နမ့်စန်-လွိုင်လင်-ပင်းလတ် ဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းခွင်၌ ဓာတ်အားလိုင်းတာဝါတိုင် တည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် နမ့်စန်မြို့ ပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ ခွဲရုံးမှူး အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်၊ မဟာဓာတ်အားလိုင်းမှူးရုံး(နမ့်စန်)အင်ဂျင်နီယာမှူး ဦးစန်းမြင့်တို့၏ ဓာတ်အားလိုင်းဖြန့်ဖြူးထားရှိမှု အခြေအနေများနှင့် မဟာဓာတ်အားလိုင်း တည်ဆောက်မှုဆိုင်ရာ အခြေအနေတင်ပြမှုအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ခွဲရုံ Control Room နှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် နမ့်စန်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပေါင်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ ကွင်းဆင်း

ပေါင် စက်တင်ဘာ ၂၂

ပေါင်မြို့နယ်တွင် စပါးစိုက်ပျိုးဧကပေါင်း ၁၃၃၄၀၀ကျော်ရှိပြီး မြို့နယ်စိုက်တိုးမြှင့်အဖွဲ့မှ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၄အုပ်စုသို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၄ရက်က ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း စပါးစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသော ကမာဘီကျေးရွာ ကွင်းအမှတ် (၈၅) ကောက်စောမိုးစပါးစိုက် လယ်မြေများကို ကြည့်ရှုစစ်ဆေးသည်။

မကြာမီရိတ်သိမ်း

အဆိုပါ ကောက်စောမိုးစပါးများမှာ ဝင်းမှည့်လျက်ရှိနေပြီး မကြာမီ ရိတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၇၆)**

ပေါင်မြို့နယ် ကမာဘီကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော ကောက်စောမိုးစပါးများ။ (၁၇၆)

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စနစ်တကျ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်တို့တွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ကပ်လှူပူဇော်ထားသည့် ရွှေငွေရတနာပစ္စည်းများ ထိခိုက်ပျက်စီးမှုရှိနိုင်ကြောင်း၊ မုခ်ဦး၊ မဟာရံတံတိုင်း၊ တန်ဆောင်းစသည့် သာသနိကအဆောက်အအုံများလည်း ပျက်စီးမှုရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရှင်များအပိုင်းက ပြုပြင်ရန်လို၊ မလို လေ့လာသုံးသပ်ပြီး လိုအပ်သည်တို့ကို စနစ်တကျ ပြုပြင်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်၊ ပညာရှင်များဖြစ်ကြသည့် ဦးအောင်မြတ်၊ ဦးမိုး၊ ဦးမောင်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်၏ ပြန်လည်မွမ်းမံပြင်ဆင်သင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ရွှေဘုန်းပွင့်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ **(သတင်းစဉ်)**

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက် ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

သိန်းနီအထက မိဘဆရာအသင်း အစည်းအဝေးကျင်းပ

သိန်းနီ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက် ၈နာရီက အဆိုပါ အထက်တန်းကျောင်း ငွေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်ညွန့်ညွန့်အောင်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဝိုင်းဝန်းပူးပေါင်း ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသော ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုလွှာချီးမြှင့်

ဆက်လက်၍ ဆုရရှိသောကျောင်းသားများအား မြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်အောင်က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ပံ့ပိုးကူညီပေးကြသော ကျောင်းအကျိုးတော်ဆောင် အဖွဲ့များအား ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လက်ခံယူ

စက်တင်ဘာ ၂၂ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်(သဃ်န်းကျွန်း)နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းလီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြခိုင်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့် လက်ခံယူစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကြေးဖောင်းကြွ ပန်းချီကားချပ် ၄၀၀ကျော် ပြည်ပခြောက်နိုင်ငံသို့ တင်ပို့ရောင်းချ၊ မြန်မာသင်္ဘောသား ၁၄ဦး ပါဝင်သော ကိုရီးယားပိုင်သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံထားရ၊ မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ကမ္ဘာ့အဆင့်မီ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းလျက်ရှိ၊ နိုင်ငံအနှံ့၌ ရာသီဥတုဆိုင်ရာ သတင်းဆက်သွယ်ရေးစကားပြောစက်များ ထားရှိမည်၊ ဥတိုဟိုတယ်နှင့် အပန်းဖြေစခန်း ကျပ်သိန်း ၂၀၀၀ကျော် အကုန်ခံ ပြုပြင်လျက်ရှိ၊ မြန်မာ့ပုံနှိပ်လောက တစ်ခေတ်ဆန်းသစ်လာ၊ မြန်မာနိုင်ငံတွင် ရှေ့ညီမှ ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် သုတေသနပြုလျက်ရှိ၊ ဆင်းရဲချို့တဲ့သူများကို လုပ်ငန်းခွင်ဝင်နိုင်သည်အထိ ကွန်ပျူတာအခမဲ့သင်ပေးမည်၊ မြန်မာနိုင်ငံ၌ ဆရာကိုယ်တိုင်သီဆိုပြသထားသည့် အဆိုလေ့ကျင့်ခန်း ဗွီစီဒီ ပထမဆုံးထွက်လာမည်၊ မိကျောင်းများကို နေအိမ်တွင် အလှမွေးမြူရန်အတွက် ဝယ်ယူမှုများရှိလာ၊ ကိုရီးယားသရုပ်ဆောင် ရုပ်တူပြိုင်ပွဲ ကျင်းပပြီးစီး၊ သန္ဓေသားတို့အတွက် ပညာသင်ကိရိယာကို မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်များ အသုံးပြုနိုင်ပြီ၊ နိုင်ငံတကာ မင်္ဂလာဝတ်စုံ ဖက်ရှင်ပြပွဲကြီး ကျင်းပပြီးစီး၊ မျက်မမြင်ကျောင်းရှိ ကျောင်းသားများအား နက္ခတ္တဗေဒပညာရပ် သင်ကြားပေးလျက်ရှိ၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်ရှိ နေရာအချို့တွင် City FM ကို ဖမ်းယူနားဆင်နိုင်တော့မည်၊ ကမ္ဘာ့အရပ်အပုဆုံးလူသားနှင့် ကမ္ဘာ့ခြေတံအရှည်ဆုံး အမျိုးသမီးတို့ တွေ့ဆုံခဲ့ကြ၊ လေ့ကျင့်ထားသောခွေးက သခင်၏အသက်ကိုကာကွယ်ရန် ဖုန်းဆက်၊ ယီမင်နိုင်ငံ မြို့တော်ရှိ အမေရိကန်သံရုံး ဗုံးခွဲတိုက်ခိုက်ခံရ၊ ပါကစ္စတန်နိုင်ငံမြို့တော်၌ ဗုံးပေါက်ကွဲရာ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးတစ်ခုလုံးနီးပါး မီးလောင် ပြိုကျပျက်စီး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာ လက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၈

(အင်္ဂါနေ့)

AM & PM

၇:၀၀ -၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ -၁:၀၅	**လူချမ်းသာ** တရားတော် (ပထမပိုင်း) ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာ လင်္ကာရာဘိဝံသ
၇:၄၅ -၁:၄၅	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၈:၀၀ -၂:၀၀	Sunday Talk
၈:၄၅ -၂:၄၅	မိုးကြယ်စင်ရဲ့ စွမ်းဆောင်ချက် ဟိုင်းကြီးကျွန်းအတွက်
၉:၀၅ -၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ -၃:၁၅	နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (THITSAR Residence)
၉:၄၀ -၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ -၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ -၃:၅၀	ရသစုံစွာ တေးအလင်္ကာ
၁၀:၁၀ -၄:၁၀	ဓာတ်ပုံထဲမှ အမှတ်တရများ (နေခြည်လင်းလဲ့၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၀:၂၅ -၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀ -၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅ -၄:၃၅	လေ့လာဆည်းပူး သင်ယူချင်စရာ RV Centre မှာ (အပိုင်း-၁)
၁၁:၀၅ -၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ -၅:၁၅	Yangon Panorama (MAMEE ရဲ့ ခဲခြစ်ကံစမ်းမဲအစီအစဉ် မိတ်ဆက်ပွဲအခမ်းအနား)
၁၁:၂၅ -၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ -၅:၃၀	**ငါးရစ်မျိုးငါး....တို့မစား** ဇော၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ရဲဝင်းနီ)
၁၁:၄၀ -၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅ -၅:၄၅	မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း
၁၂:၀၀ -၆:၀၀	Antioxidants & Your Health (အပိုင်း-၁) (ဒေါက်တာဝင်းထွန်း)
၁၂:၂၀ -၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅ -၆:၂၅	Music Gallery (သဲနုဝါ တိမ်ဦးလေပြည် မောင့်ကိုစေ)
၁၂:၄၅ -၆:၄၅	စေတနာအလင်းအလှူ
၁:၀၀ -၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ဆားလင်းကြီးမြို့ သာယာလှပရေးဆောင်ရွက်

ဆားလင်းကြီး စက်တင်ဘာ ၂၂

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များအား တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုး ဦးဆောင်ပြီး ဗိုလ်ချုပ်လမ်းတစ်လျှောက် မြေယာရှုခင်းပြုပြင်ခြင်းနှင့် လမ်းဘေးဝဲ/ယာ မြေချစိုက်ပျိုးခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးရဲထွဋ်မှ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၉-၂၀၀၈ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၅	၄။	အတီးပြိုင်ပွဲ
၈:၀၀	၅။	တေးဂီတအစီအစဉ်
၈:၁၅	၆။	**၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသမီး)**
၈:၃၀	၇။	International News
၈:၄၅	၈။	**အလံလေးတော့ ကိုင်ပြပါ** ဖွဲ့နိုင်ဝင်း၊ ဇော၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၉:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပြိုင်ပွဲ
၄:၂၀	၃။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၄:၃၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၃၅	၅။	တေးဂီတအစီအစဉ်
၄:၄၅	၆။	**အား...နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၅:၀၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၅:၄၅	၈။	**၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသမီး)**
၆:၀၀	၉။	ညနေခင်းသတင်း
၆:၃၀	၁၀။	မိုးလေဝသအခြေအနေ
၆:၃၅	၁၁။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၇:၁၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၂)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁၂)
	၁၈။	အစီအစဉ်ပြီး၏။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ ဖြစ်ပွားသော တိုက်ပွဲများအတွင်း

သေဆုံးသည့် အရပ်သား ၁၄၄၅ဦး ရှိသွားပြီ

ကဘူးလ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများတို့ အပြန်အလှန်တိုက်ခိုက်မှုများနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အရပ်သား ၁၄၄၅ဦး သေဆုံးသွားပြီဖြစ်ကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၄၀ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြပါရှိသည်။

မြင့်တက်လာ

သေဆုံးသူ ၈၀၀မှာ တာလီဘန်အကြမ်းဖက်သမားများနှင့် အခြားအကြမ်းဖက်သမားများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၇ခုနှစ်က အရပ်သား ၄၆၂ ဦးသေဆုံးမှုနှင့် နှိုင်းယှဉ်လျှင် နှစ်ဆနီးပါး မြင့်တက်လာခဲ့သည်။

အစီရင်ခံစာ၌ ပါရှိ

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ၏ မှားယွင်းစွာပစ်ခတ်မှုများကြောင့် အရပ်သား ၅၇၇ ဦးသေဆုံးခဲ့ရာ ယင်းမှာ သေဆုံးသူစုစုပေါင်း၏ ၄၀ရာခိုင်နှုန်းပင်ဖြစ်ကြောင်း၊ သေဆုံးသူများထဲတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၃၉၅ဦး ပါဝင်ကြောင်းလည်း အစီရင်ခံစာ၌ ပါရှိသည်။

အပြန်အလှန်ပစ်ခတ်

အရပ်သား ၆၈ဦးသေဆုံးမှုမှာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အများဆုံး

ဩဂုတ်လတစ်လတည်း၌ပင် အာဖဂန်အရပ်သား၃၃၀ သေဆုံးခဲ့ရာ ၂၀၀၁ခုနှစ်မှစတင်၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာချိန်မှ ယခုအထိ သေဆုံးမှုအများဆုံးလဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ဒဏ်ရာရရှိ

အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသော ပြည်သူများအား ဆေးရုံသို့ တင်ပို့ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ် ကယ်ကွတ်မြို့ လူစည်ကားရာလမ်းမကြီးပေါ်၌ ကားဗုံးဖောက်ခွဲတိုက်ခိုက် နှစ်ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ရေနံပေါကြွယ်ဝစွာထွက်ရှိရာ မြို့တော်ဖြစ်သည့် ကယ်ကွတ်မြို့၌ စက်တင်ဘာ ၂၁ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ**(အပေါ်ပုံ)** နှစ်ဦးသေဆုံးပြီး၂၄ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ကယ်ကွတ်မြို့လယ် လူစည်ကားရာ လမ်းမကြီးပေါ်ရှိ ကားရပ်နားရာနေရာတစ်ခုတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူများတွင် ရဲတပ်ဖွဲ့ဝင်များစွာပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသော်လည်း အရေအတွက်အတိအကျကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

ဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ကားများနှင့် နေအိမ်အဆောက်အအုံများလည်း ပျက်စီးသွားခဲ့သည်။ **(အင်တာနက်)**

တရုတ် လေယာဉ်များ ဗင်နီဇွဲလား ဝယ်ယူရန် စီစဉ်နေ

ကရာကတ်စ် စက်တင်ဘာ ၂၂

ဗင်နီဇွဲလားနိုင်ငံသည် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍကို ပူးပေါင်းမြှင့်တင်သည့်အနေဖြင့် တရုတ်နိုင်ငံမှ လေယာဉ်များကို ဝယ်ယူရန်စီစဉ်နေကြောင်း၊ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က စက်တင်ဘာ ၂၂ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝယ်ယူရန်စီစဉ်

လာမည့်နှစ်တွင် ဗင်နီဇွဲလားလေတပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် တိုက်လေယာဉ်မှူးများ လေ့ကျင့်ရန် ကေ-၈ လေယာဉ် ၂၄စင်းကို ဝယ်ယူရန်စီစဉ်နေကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ပိုမိုတင်ပို့

ထပ်မံချုပ်ဆိုမည့် စာချုပ်သစ်များအရ ဗင်နီဇွဲလားနိုင်ငံက တရုတ်နိုင်ငံအား ရေနံများ ပိုမိုတင်ပို့မည်ဖြစ်ကြောင်း၊ ကျူးဘား၊ တရုတ်၊ ရုရှား၊ ဘီလာရုစ်၊ ပြင်သစ်နှင့်ပေါ်တူဂီနိုင်ငံတို့သို့လည်း စစ်ရေး မဟာဗျူဟာများ ဖလှယ်ရန်အတွက် ခရီးထွက်ခွာမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားတွေ့ ဆုံမေးမြန်းခန်းတစ်ရပ်တွင် ချာဗက်ဇ်က ပြောကြားခဲ့ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ထပ်မံချုပ်ဆိုမည့် စာချုပ်သစ်များတွင် နှစ်နိုင်ငံစလုံး၌ ရေနံချက်စက်ရုံ တည်ဆောက်ရေးနှင့် ရေနံတင်သင်္ဘောများ ဖက်စပ်တည်ဆောက်ရေးလုပ်ငန်းများလည်း ပါဝင်ဖွယ်ရှိကြောင်း ချာဗက်ဇ်က ထပ်လောင်းပြောကြားခဲ့သည်။ **(အင်တာနက်)**

နှစ်နိုင်ငံ အကောက်ခွန်ကိစ္စရပ်များ ဖြေရှင်းရန် ရုရှား-တူရကီ သဘောတူလက်မှတ်ရေးထိုး

အင်ကာရာ စက်တင်ဘာ ၂၂

နှစ်နိုင်ငံအကောက်ခွန်ကိစ္စများကို ဖြေရှင်းရေးနှင့်ပတ်သက်သည့် သဘောတူညီမှုတစ်ရပ်ကို တူရကီနှင့် ရုရှားနှစ်နိုင်ငံတို့က စက်တင်ဘာ၂၀ရက်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

လွယ်ကူချောမွေ့

ရုရှားတို့၏တင်ပို့ကုန်များနှင့် တူရကီတို့၏ တင်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုဆိုင်ရာ ဖြေရှင်းပေးမည့် အဆိုပါသဘောတူညီမှုကို မိမိတို့ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်ဖြေရှင်းရာတွင် လွယ်ကူချောမွေ့စေသည့် နည်းလမ်းဖြစ်ကြောင်း တူရကီဒုတိယဝန်ကြီးချုပ် ဟာယာတီယာဇီစီက ပြောကြားသည်။

တင်သွင်းခွင့်ပြု

တူရကီနိုင်ငံမှ တင်ပို့သောကုန်ပစ္စည်းများကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ရုရှားတို့ကလက်ခံကာ နိုင်ငံအတွင်း တင်သွင်းခွင့်ပြုမည်ဖြစ်သည်။ ထိုသို့တင်ပို့ရာတွင်ကုန်ပစ္စည်းအမျိုးအစားများစွာကို တင်ပို့နိုင်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

တူရကီနှင့်ရုရှားနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ၂၀၀၈ခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၃၈ဘီလီယံအထိ ရောက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။တူရကီနိုင်ငံအနေဖြင့် ရုရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့် ရင်းနှီးမြှုပ်နှံထားသလို ရုရှားနိုင်ငံကလည်း တူရကီနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၂၅ဘီလီယံခန့် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် ရော်ဘာတင်ပို့မှုမှ ဝင်ငွေ ၁ဒသမ၅ဘီလီယံရရှိမည်မှန်း

ဟနွိုင်း စက်တင်ဘာ ၂၂

ကမ္ဘာ့ပေါ်တွင် ရော်ဘာတင်ပို့မှုအများဆုံး စတုတ္ထနေရာတွင်ရှိနေသည့် ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ရော်ဘာတင်ပို့မှုမှဝင်ငွေ ၁ဒသမ၅ဘီလီယံ ရရှိလိမ့်မည်ဖြစ်ကြောင်း ဒေသတွင်း သတင်းစာများက ရေးသား ဖော်ပြသည်။

ယင်းသို့ ငွေကြေးရရှိနိုင်မှုမှာ ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ရော်ဘာဈေးမြင့်တက်လာမှုမှာ တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ ဗီယက်နမ် အလယ်ပိုင်းကုန်းမြင့်ဒေသများနှင့် အရှေ့တောင်ပိုင်းဒေသများရှိ စိုက်ပျိုးရေးသမားများအနေဖြင့်လည်း ရော်ဘာစိုက်ပျိုးမှု ပိုမိုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း ဗီယက်နမ် အထွေထွေရော်ဘာကော်ပိုရေးရှင်း၏ ဈေးကွက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဆိပ်ကမ်းတွင် သင်္ဘောတစ်စင်းပေါ်သို့ ကုန်သေတ္တာများ ဝန်ချီစက်ဖြင့် တင်ဆောင်နေသည်ကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မက္ကဆီကို၌ ကိုကင်း သုံးတန်ကျော် ဖမ်းဆီးနိုင်ခဲ့

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂

မက္ကဆီကိုနိုင်ငံ အရှေ့တောင်ပိုင်း ချီပက်စ်ပြည်နယ် ကမ်းလွန်ရှိ သင်္ဘောတစ်စင်းပေါ်မှ ကိုကင်း ၃ ဒသမ ၃ တန်ကို မက္ကဆီကို ရေတပ်မှ ဖမ်းဆီးနိုင်ခဲ့ကြောင်း မက္ကဆီကို အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိ

ယင်းမူးယစ်ဆေးဝါးများကို သင်္ဘောဝမ်းဗိုက်အတွင်း ၁၅၅အိတ်ဖြင့် ဝှက်၍ သယ်ယူလာခဲ့ကြောင်း၊ မက္ကဆီကို ရေတပ်မှ သင်္ဘောများအား ပုံမှန်စစ်ဆေးမှုပြုလုပ်စဉ် ဘိန်းဖြူများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

စစ်ဆေး

သင်္ဘောပေါ်တွင် လိုက်ပါလာသည့် သင်္ဘောသား ခြောက်ဦးအား ဖမ်းဆီးထိန်းသိမ်းထားပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ဖမ်းဆီး

ပြီးခဲ့သည့် ဇူလိုင်လကလည်း မက္ကဆီကို ရေတပ်အနေဖြင့် ကိုလံဘီယာ သင်္ဘောတစ်စင်းမှ ကိုကင်း ၅ ဒသမ ၈တန်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စ ကုလသမဂ္ဂ ညီလာခံတွင် သမ္မတ ရှင်းပြမည်



အီရန်နိုင်ငံရှိ ဘူရှာနျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ပြီးစီးမှုအနေအထားကို စက်တင်ဘာ ၂၀ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

တီဟီရန် စက်တင်ဘာ ၂၂

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်ဇ်က ၄င်း၏ နယူးယောက်ခရီးစဉ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးတွင် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ရက်က ပြောကြားသည်။

နယူးယောက်သို့မထွက်ခွာမီ သမ္မတ အာမက်ဒီနီဂျက်ဇ်က သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်ဟု အိုင်အာရ်အင်န်အေက ကြေညာသည်။

ထည့်သွင်းပြောကြား

သမ္မတအာမက်ဒီနီဂျက်ဇ်က ဆက်လက်ပြောကြားရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အင်အားကြီးနိုင်ငံအချို့သို့မဟုတ် အဖွဲ့အစည်းအချို့အတွက် မဟုတ်ဘဲ နိုင်ငံအားလုံးကို အမှန်တကယ် ကိုယ်စားပြုသင့်ကြောင်း ထည့်သွင်းပြောကြားသည်။

တိုက်တွန်း

ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းအားလုံးသည်လည်း ဒီမိုကရေစီအယူဝါဒများအပေါ် အခြေခံ၍ လှုပ်ရှားဆောင်ရွက်သင့်ကြောင်း အီရန်သမ္မတက တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၆၃)ကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် အီရန်သမ္မတ အာမက်ဒီနီဂျက်ဇ်သည် တီဟီရန်မှ နယူးယောက်သို့ တနင်္ဂနွေနေ့က ထွက်ခွာသွားသည်။

အီရန်နိုင်ငံမှာ အငြင်းပွားဖွယ် နျူကလီးယား အစီအစဉ်နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၏ အရေးယူပိတ်ပင်မှု သုံးခုကို ခံနေရသည့် နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သူတို့အတွေးနှင့်အမြင်

* *Life is the only real counsellor; wisdom unfiltered through personal experience does not become a part of the moral tissue.*

ဘဝသည်သာလျှင် စစ်မှန်သော အတိုင်ပင်ခံဖြစ်သည်။ ကိုယ်တိုင် တွေ့ကြုံရသည့် အတွေ့အကြုံများမှ ထွက်ပေါ်လာခြင်းမဟုတ်သော ဉာဏ်ပညာသည် အကျင့်စာရိတ္တ၏ အစိတ်အပိုင်းတစ်ခု ဖြစ်မလာနိုင်ပေ။

အီဒစ်သ်ဟုတန်
(အမေရိကန်လူမျိုး စာရေးဆရာမ)

* *Man was not born for himself alone, but for his country.*

လူသည် သူ့တစ်ယောက်တည်းအတွက် မွေးဖွားလာခြင်း မဟုတ်ဘဲ တိုင်းပြည်အတွက်ပါ မွေးဖွားလာခြင်း ဖြစ်ပေသည်။

ပလေတို
(ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

မိန်းမဆိုတာ. . . .

ငွေကြေးအတန်အသင့်ရှိသော ဇနီးမောင်နှံနှစ်ဦး၏အိမ်သို့ ညဘက်၌ သူခိုးဝင်သည့်အသံကို ကြားသဖြင့် ဇနီးက ခင်ပွန်းဖြစ်သူကို နှိုးလေသည်။

ဇနီး ။ ။ ဒါလင်…ဒါလင်…ထစမ်းပါဦး…

ခင်ပွန်း ။ ။ ဘာလဲကွာ…မင်းကလဲ…

ဇနီး ။ ။ ထစမ်းပါဆို…အိမ်ထဲ သူခိုးရောက်နေတယ်…

ခင်ပွန်း ။ ။ ဟုတ်လား…

ဇနီး ။ ။ ကဲ…အဲဒီသူခိုးကို သွားပြီးဖမ်းစမ်းပါ။

ခင်ပွန်း ။ ။ သူ့မှာပါတဲ့ လက်နက်တစ်ခုခုနဲ့ ကိုယ့်ကိုအန္တရာယ်ပြုခဲ့ရင် ဘယ်လိုလုပ်မလဲ…

ဇနီး ။ ။ အဲဒါတော့စိတ်မပူပါနဲ့…ဒါလင့်မှာ အသက်အာမခံလုပ်ထားတာမို့ မြန်မြန်သာသွားပါ။

ခင်ပွန်း ။ ။ **"ဘာ"**

တရုတ် နိုင်ငံ ရှန်ဟိုင်း မြို့တွင် တရုတ် ရိုးရာ ဝတ်စုံများကို ဝတ်ဆင်ကာ မင်္ဂလာ မောင်နှံ ၂၀တို့ စု ပေါင်း လက်ထပ်ပွဲ ဆင်နွှဲခဲ့ကြသည်ကို စက် တင် ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပအလယ်ပိုင်းက ချက်သမ္မတနိုင်ငံ. . . .

သတင်းအက်ဆေး

ချက်သမ္မတနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်း ဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် ၁၉၉၃ခုနှစ်အထိ ချက်ကိုဆလိုဗေးကီးယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ချက်သမ္မတနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။

၁၉၄၀ ပြည့်လွန်နှစ်များ ကတည်းက ကွန်မြူနစ်တို့အုပ်စိုးခဲ့သည်။ ၁၉၆၈ခုနှစ်တွင် ဝန်ကြီးချုပ် ဒူးချက်၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုကို ဆိုဗီယက်တပ်များ ဝင်ရောက်ဟန့်တားခဲ့သည်။

ဦးဆောင်ဆင်နွှဲ

၁၉၈၉ခုနှစ်တွင် ကရင်မလင်၌ ကွန်မြူနစ်ဝါဒ ပြည်ဖုံးကားချစဉ် ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် ပြဇာတ်ရေးဆရာ ဗားကလက်ဟာဗယ်က ကတ္တီပါ တော်လှန်ရေးကို ဦးဆောင်ဆင်နွှဲသည်။

ချက်ကိုဆလိုဗေးကီးယားနိုင်ငံမှ ခွဲထွက်ပြီးနောက် ပထမဆုံးသော သမ္မတအဖြစ် မစ္စတာဟာဗယ် ရွေးချယ်တင်မြှောက်ခံရသည်။ ဝန်ကြီးချုပ်တာဝန်ကို နိုင်ငံသားဒီမိုကရေစီပါတီ(စီဒီပီ)မှ ဗားကလက် ကလော့စ်အား ပေးအပ်သည်။ ၁၉၉၆ခုနှစ် ဇွန်လတွင် လွတ်လပ်ရေးရပြီးပြုလုပ်သော ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး မစ္စတာကလော့စ်ကိုပင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်သည်။

တိုက်တွန်း

၁၉၉၇ခုနှစ် အောက်တိုဘာလတွင် ချက်လူ့ဘောင်အတွင်းမှ မီးခဲပြာဖုံးဖြစ်သော လူမျိုးရေးခွဲခြားမှုကို တိုက်ထုတ်ပစ်ရန် သမ္မတဟာဗယ်က ပြည်သူများအား တိုက်တွန်းလိုက်သည်။ ၁၉၉၇ခုနှစ် နိုဝင်ဘာလတွင် ညွန့်ပေါင်းအစိုးရပြိုကွဲပြီးနောက် မစ္စတာကလော့စ်အစိုးရ နုတ်ထွက်သည်။ ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် သမ္မတသက်တမ်းနောက်ထပ် ငါးနှစ်အတွက် မစ္စတာဟာဗယ် ပြန်လည်ရွေးချယ်ခံရသည်။ ထိုနှစ်ဇူလိုင်လ အထွေထွေရွေးကောက်ပွဲအပြီး၌ ချက်ဆိုရှယ်ဒီမိုကရက်ပါတီ(စီအက်စ်ဒီပီ) ခေါင်းဆောင် မီလိုဇီမင်း ဝန်ကြီးချုပ်ဖြစ်လာသည်။

ချက်သမ္မတနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်းဒေသတွင် တည်ရှိ၊ ဤနိုင်ငံသည် ၁၉၉၃ခုနှစ်အထိ ချက်ကိုဆလိုဗေးကီးယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်၊ ချက်သမ္မတနိုင်ငံသည် ယဉ်ကျေးမှု အမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်။

၁၉၉၉ခုနှစ် မေလတွင် နေတိုးအဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၀ပြည့်နှစ် အောက်တိုဘာလတွင် တီမလင် နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ပထမဓာတ်ပေါင်းဖိုပျိုးထောင် မှုကြောင့် အိမ်နီးချင်းသြစတြီးယားနိုင်ငံက ကန့်ကွက်သံများ ထွက်လာသည်။ ချက် သမ္မတနိုင်ငံ ဥရောပသမဂ္ဂ(အီးယူ) ဝင်ရောက်ရေးကို ပိတ်ပင်မည်ဟု ခြိမ်းခြောက်သည်။

ဆက်လက်တာဝန်ယူ

၂၀၀၁ခုနှစ် ဧပြီလတွင် ဝန်ကြီးချုပ် ဇီမင်း စီအက်စ်ဒီပီပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သဖြင့် ဗလာဒီမာစပီ ဒလာပါတီဥက္ကဋ္ဌ ဖြစ်လာသည်။ မစ္စတာဇီမင်းသည် ဝန်ကြီးချုပ်ရာထူးကို ရွေးကောက်ပွဲမတိုင်မီ အတောအတွင်းအထိ ဆက်လက်တာဝန်ယူထားသည်။

၂၀၀၂ခုနှစ် ဇွန်-ဇူလိုင်လ ရွေးကောက်ပွဲကာလတွင် မစ္စတာစပီဒလာ၏ စီအက်စ်ဒီပီက ထိပ်မှ အများဆုံး ထောက်ခံမှုရသော်လည်း အမတ်နေရာ ၂၀၀ရှိ ပါလီမန်တွင် နေရာ ၇၀သာ ရရှိသည်။ ခရစ်ယာန် ဒီမိုကရက်များ၊ ဖရီးဒမ်းယူနီယံတို့နှင့် မဟာမိတ်ဖွဲ့နိုင်သည်။ ကွန်မြူနစ်များမှာ ရွေးကောက်ပွဲ၌ တတိယနေရာက အနိုင်ရသည်။ အမတ်နေရာ ၄၁နေရာ ရရှိသည်။

ရာထူးမှ နုတ်ထွက်

၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ သမ္မတရွေးကောက်ပွဲတွင် ဗားကလက်ကလော့စ်က ပြန်လည် အရွေးချယ်ခံရသည်။ ၂၀၀၄ခုနှစ် မေလ ၁ရက်တွင် အီးယူအဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် ဤနိုင်ငံ ပါဝင်သည်။ ၂၀၀၄ခုနှစ်တွင် ဝန်ကြီးချုပ် ဗလာမီဟာစပီဒလာ ရာထူးမှ နုတ်ထွက်သည်။ ဝန်ကြီးချုပ်အဖြစ် စတန်နီစလက်ဂရော့စ်ကို ခန့်ထားသည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် မစ္စတာဂရော့စ် ရာထူးမှနုတ်ထွက်သည်။ ဆိုရှယ်ဒီမိုကရက်တစ်ဦးဖြစ်သူ ဂျီနီပါရိုဘက် ဝန်ကြီးချုပ်ဖြစ်လာသည်။

အတည်ပြု

၂၀၀၆ခုနှစ် စက်တင်ဘာလတွင် စီဒီပီပါတီမှ မီရက်တိုပိုလာနက် ဦးဆောင်သည့် လက်ယာဗဟိုအစိုးရကို သမ္မတကလော့စ်က ခန့်သည်။ ထိုနှစ်အောက်တိုဘာလတွင် ထိုအစိုးရမှာ အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်သွားသည်။ ထိုနှစ် နိုဝင်ဘာလတွင် သမ္မတကလော့စ်က မီရက်တိုပိုလာနက်ကိုပင် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ခန့်အပ်သည်။ ညွန့်ပေါင်းအစိုးရဖွဲ့စည်းမှုဖြစ်မြောက်ရေး စတင်ဆွေးနွေးသည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် သုံးပါတီ လက်ယာဗဟိုညွန့်ပေါင်း အစိုးရကို ပါလီမန်က ကပ်၍ အတည်ပြုလိုက်သည်။

သဘောတူစာချုပ်

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတကလော့စ် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။ ထိုနှစ်ဇူလိုင်လတွင် ချက်ပိုင်နက်နယ်မြေတွင် အမေရိကန်ဒုံးပျံ ကာကွယ်ရေးစနစ် ချထားရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည်။

ဤနိုင်ငံသည် ကျေးလက်ရိုးရာဂီတနှင့် ဓာတ်သဘင်ပညာ ကြွယ်ဝသည်။ နာမည်ကျော် စာရေးဆရာများ၊ ဂန္ထဝင်ဂီတစာဆိုများ ထွန်းပေါ်ရာနိုင်ငံဖြစ်သည်။

ယခုအခါ ချက်ဗိသုကာဆိုင်ရာ ရတနာသိုက်ကို တစိမ့်စိမ့်အရသာခံရန် ကမ္ဘာလှည့်ခရီးသည်များ ဝိုင်းအုံ စုပြုံတိုးလျက်ရှိသည်။ နိုင်ငံအနှံ့ရှိ ရေပူစမ်းများကလည်း ကမ္ဘာလှည့် ခရီးသည်တို့ကို ဆွဲဆောင်လှပါဘိ။ ။ ***ကိုးကား-အင်တာနက်***

တိုး ရေးသားသည်

✻ *ကျောဖုံးမှ*

ဆန်ရောင်းချသူများဖြင့် ပြည့်ကျပ်စည်ကားလျက်ရှိပြီးဆန်နမူနာစစ်ဆေးခြင်း၊ လက်တွေ့ ဆန်ကိုချက်ကြည့်ခြင်း၊ ဈေးနှုန်းညှိနှိုင်းခြင်းများ ပြုလုပ်နေကြသည်။

တည်ငြိမ်

နှစ်စဉ် ၈လပိုင်း၊ ၉လပိုင်း၊ ၁၀လပိုင်းတို့သည် ဆန်ဈေးနှုန်း အမြင့်ဆုံးအချိန်များပင်ဖြစ်ကြောင်း၊မနှစ်ကစပြီး

ပဲခူးတိုင်း အနောက်ခြမ်းမြို့နယ်များမှ မိုးစပါးများမှာ စက်တင်ဘာလကုန်တွင် ဆက်လက် ဝင်ရောက်လာမည်ဟုသိရသည်။ လေမုန်တိုင်းတိုက်ခတ်စဉ်က အမိုးလန်ခြင်း၊ အဆောက်အအုံပြိုခြင်း၊ ဆန်စက်ချွတ်ယွင်း ပျက်စီးခဲ့သော ဘိုကလေးမြို့နယ်မှ ဆန်စက်ကြီး၂၂လုံးမှာ အားလုံး ပြုပြင်ပြီးဖြစ်၍ ပြန်လည်ကြိတ်ခွဲနေပြီဖြစ်ရာ ယခင်က တစ်ရက်တစ်ညကြိတ်ခွဲလျှင် အိတ်ရေ ၆၀၀မှ ၈၀၀အထိရရှိခဲ့ရာမှ ယခုအခါ

မော်တော်ဖြင့် ဆန်အိတ်ရေ ၂၅၀၀၊ လှိုင်ဝတီကျော် မော်တော်ဖြင့် ဆန်အိတ် ၁၀၀၀၊ ဖျာပုံမြို့မှ ရွှေစင်မော်တော်ဖြင့် ဆန်အိတ်ရေ ၁၀၀၀၊ ကျိုက်လတ်မြို့မှ စွယ်စုံသာလွန်မော်တော်ဖြင့် ဆန်ကွဲအိတ် ၃၀၀၊ ဘိုကလေးမြို့မှမြတ်ချမ်းသာမော်တော်ဖြင့် ဆန်အိတ်ရေ ၁၈၀၀တို့ မိုးမစိုရန် ပလတ်စတစ်များဖုံး၍ တင်ဆောင်ကာ မော်တော်ယာဉ်များပေါ် တိုက်ရိုက်သယ်တင်နေသည်ကိုလည်း တွေ့မြင်ရသည်။

ဝင်ရောက်

ဆန်စပါး ကုန်စည်အဝယ်ဒိုင်သို့ စက်တင်ဘာ ၁ရက်မှ ၂၁ရက်အထိ ဆန်အိတ်ပေါင်း ၉၄၈၆၀၁ အိတ် ဝင်ရောက်ပြီး နွေဆန်မှာ အိတ်၅၉၆၀၆၀ ပါဝင်သည်။ စက်တင်ဘာ ၈ရက်တစ်နေ့တည်း ဆန်အိတ်၅၆၀၃၃ အိတ်အများဆုံး ဝင်ရောက်ခဲ့သည်။

ဈေးနှုန်း

စက်တင်ဘာ၂၁ရက်က ကုန်စည်ဒိုင် ဆန်ဈေးနှုန်းမှာ ဖျာပုံပေါ်ဆန်း ဆန်ကောင်း တစ်တင်းခွဲဝင်အိတ် ကျပ် ၂၆၅၀၀ မှ ကျပ် ၃၄၈၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀မှ ၁၆၀၀၀၊ ဒေးဒရဲပေါ်ဆန်း ဆန်ကောင်းကျပ် ၂၆၈၀၀မှ ၃၁၈၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀မှ ၁၅၅၀၀၊ပေါ်ဆန်း(နယ်စုံ)ကျပ်၂၂၅၀၀ မှ ၂၉၅၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀ မှ ၁၅၅၀၀၊ ဧည့်မထဆန်ကောင်းကျပ် ၁၄၀၀၀ မှ ၁၇၅၀၀၊ ရေစိုဆန် ကျပ် ၁၂၅၀၀ မှ ၁၅၅၀၀၊ ငစိန်ဆန်ကျပ် ၁၂၂၀၀မှ ၁၃၃၀၀၊ မီးတုံးဆန်ကောင်း ကျပ်၂၁၄၀၀မှ ၂၂၇၀၀၊ ရေစိုဆန် ကျပ် ၁၄၅၀၀မှ ၁၅၀၀၀ ဈေးတို့ဖြင့် ရောင်းဝယ်နေကြကြောင်းဆန်ဈေးကွက်သတင်း လက်တွေ့ကွင်းဆင်း မေးမြန်းဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆိပ်ကမ်းနယ်မြေ ဆန်စပါးကုန်စည်ဒိုင် ဂိုဒေါင်ကျယ်ကြီးအတွင်း ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ရောင်းချသူများ ဆန်နမူနာစစ်ဆေး ဆန်ချက်ကြည့်ခြင်း၊ ဈေးနှုန်းညှိနှိုင်းခြင်းများဖြင့် စည်ကားနေသည်ကို စက်တင်ဘာ၂၂ရက်က ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဆန်ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း၊ ယခုအခါဆန်ဈေးနှုန်းအေးပြီး အရောင်းအဝယ်တည်ငြိမ်လျက်ရှိကြောင်း၊ ဆန်ဈေးနှုန်း တည်ငြိမ်နေခြင်းမှာလည်း ထုတ်လုပ်သူနှင့် စားသုံးသူ သင့်တင့်မျှတနေ၍ပင်ဖြစ်ကြောင်းဖြင့် ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးတင်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတွင် နွေစပါး၊ မိုးစပါးများ၊ ဆည်ရေသောက် စပါးများ တိုင်းနှင့် ပြည်နယ်အသီးသီးတွင်ထွက်ရှိနေသဖြင့် ရန်ကုန်

ဆန်စက်၏ကြိတ်ခွဲမှုနှုန်းကောင်းသဖြင့် ဆန်အိတ် ၇၀၀ မှ ၁၀၀၀အထိ ကြိတ်ခွဲထွက်ရှိနေပြီဖြစ်ကြောင်း ဘိုကလေးမြို့ ဆန်အကျိုးဆောင် ဦးမရမ်းသီးက ပြောကြားသည်။ အလားတူ ဒေးဒရဲမြို့နယ်၌ ဆန်စက်ကြီး၁၇လုံး၊ ဖျာပုံမြို့တွင် ဆန်စက်ကြီးကိုးလုံး၊ ကျိုက်လတ်

ဆန်သယ်မည့်ကုန်တင်ယာဉ်များ

လမ်းမတော်ဆိပ်ကမ်းတွင် ဆန်သယ်ဆောင်မည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဆန်များ အထက်သို့ ယခင်ကလောက် တင်ပို့ရခြင်းမရှိဘဲရေမြေသဘာဝအရ စိုက်ပျိုးမရသောဒေသ ဆန်မထွက်သော နေရာအချို့ကိုသာ တင်ပို့နေရကြောင်း၊ ဆန်စပါး လုံလောက်မှုရှိနေ၍ ရန်ကုန် ဆန်ဈေးနှုန်း တည်ငြိမ်နေခြင်းဖြစ်ကြောင်းနှင့် ကုန်စည်ဒိုင်ကော်မတီဝင် ဦးကျော်ကျော်က ဖြည့်စွက်ပြောကြားခဲ့သည်။

ထွက်နေပြီ

ရန်ကုန်တိုင်းအရှေ့ခြမ်း ခရမ်း၊ သုံးခွမြို့များနှင့် ပဲခူးတိုင်း အရှေ့ခြမ်း သက္ကလ၊ ဝေါ-ကဝမြို့နယ်တို့မှ ကောက်စောစပါးများ ရိတ်သိမ်းနေပြီး အချို့မှာ စတင်ထွက်ရှိနေပြီဖြစ်သည်။

တွင် ဆန်စက်ကြီး ၂၀၊ မြောင်းမြမြို့တွင် ဆန်စက်ကြီး ၃၀တို့ လည်ပတ်ကြိတ်ခွဲနေပြီဖြစ်ကြောင်း သိရသည်။

တိုက်ရိုက်သယ်ပို့

လမ်းမတော်ဆိပ်ကမ်းတွင် ဆန်သယ်မည့် ကုန်တင်ယာဉ်တန်းကြီး မိုးရွာနေသဖြင့် ဆန်မတင်သေးဘဲစောင့်ဆိုင်းနေသည်ကိုတွေ့ခဲ့ရသည်။ကော့မှူးမြို့နယ်ထွက်ဆန်များ တင်ဆောင်လာသော ရတနာမိုး၊ ဇမ္ဗူမြင့်၊ ဇမ္ဗူအောင်၊ ဇော်မျိုးအောင်၊ ဇမ္ဗူထွန်း စက်သမ္ဗန်ငယ်များလည်း မိုးရွာနေသဖြင့် ဆန်မသယ်တင်နိုင်ဘဲ စောင့်ဆိုင်းနေသည်ကိုလည်း တွေ့ရသည်။ မော်လမြိုင်ကျွန်းမှလာသော အောင်သိန်းသန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မုန်တိုင်းဒဏ်ခံရသောဒေသများတွင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာ၌ သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာ ပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa နှင့် စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တက်ရောက်ဆွေးနွေးသူများနှင့် အင်ဂျင်နီယာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာတမ်းများဖတ်ကြား

အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Kyoto University၊ SEEDS Asia(Japan) နှင့် SEEDS India တို့မှ စာတမ်းရှင်များက သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံများ တည်ဆောက်နိုင်ရေးဆိုင်ရာစာတမ်းများကို အသီးသီးဖတ်ကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ၂၃ရက် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

FRIGO-DD စက်ရုပ်သည်အမြင့်၂၂စင်တီမီတာ၊အကျယ်၃၄စင်တီမီတာနှင့် အလေးချိန် ၁၄ဒသမ ၅ကီလိုဂရမ်ရှိသည်။ မီးလောင်မှု၊ ပေါက်ကွဲမှုနှင့် အရာဝတ္ထုများပြုတ်ကျမှုကို သာမန်အားဖြင့် ခံနိုင်ရည်ရှိသည်။

ထောက်လှမ်းသိရှိနိုင်

အဆောက်အအုံတစ်ခုအတွင်း လက်နက်ကိရိယာ၊ ဗုံးများကိုင်ဆောင်ထားသောလူများကို အာရုံခံကိရိယာဖြင့် ထောက်လှမ်းသိရှိနိုင်ပြီး အဆိုပါအဆောက်အအုံအတွင်းဝင်ရောက်ကာ အတိအကျဆုံးအချက်အလက်များကို လုံခြုံရေးအရာရှိထံ သတင်းအချက်အလက်များ ပေးပို့မည်ဖြစ်သည်။

ကြိုတင်သတင်းပေးနိုင်

ထို့အပြင် အဆောက်အအုံအတွင်း လူကိုသေစေနိုင်သော ဆာရင်ဟုခေါ်သော အဆိပ်ဓာတ်ငွေ့များရှိမရှိ၊ ရေဒီယိုသတ္တိကြွရောင်ခြည်လှိုင်းများဖြစ်ပေါ်နေမှု ရှိမရှိ၊ ရုတ်တရက် မီးလောင်မှု၊ ဗုံးပေါက်ကွဲနိုင်မှု ရှိမရှိများကိုလည်း ထောက်လှမ်းနိုင်ကြောင်းနှင့် ကြိုတင်သတင်းပေးပို့နိုင်ကြောင်း သိရသည်။ **ကိုးကား-အင်တာနက်**

လက်ခံ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက်က အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်အုံးညွန့်က "ရည်မှန်းချက်ရှိရမည်"အကြောင်း ဟောပြော၍ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ရီက လက်ခံယူစဉ်။
(မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

■ *ရှေ့ဖုံး*

လေးကြိမ်ခန့် ပုံမှန်စားသုံးပေးပါက လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

သွေးတိုး

ဗီတာမင်စီပါဝင်သည့် လိမ္မော်သီး၊ ရှောက်သီးနှင့် အရည်ရွှမ်းသော သစ်သီးများကို နေ့စဉ်စားသုံးသော လူ ၁၅၀၀ခန့်အား လက်တွေ့စစ်ဆေးကြည့်သည့်အခါ ၎င်းတို့အားလုံးသည် သွေးတိုးရောဂါ ဖြစ်ပွားခြင်း မရှိသည်ကို ထူးခြားစွာမြင်တွေ့ရကြောင်း သိရသည်။

အသက်ရှည်နိုင်

ထို့အပြင် ဗီတာမင်စီကို နေ့စဉ်သောက်သုံးပါက ဦးနှောက်နာ့ဗ်ကြောများကို ရှင်သန်စေပြီး အသက်ရှည်နိုင်ကြောင်း အီတလီဆေးသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ ကိုးကား-အင်တာနက်

မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် **"မြန်မာ့ရုပ်ရှင်နေ့"** နှင့် **"(၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲ"**ကို အောက်တိုဘာ ၁၃ရက် (တနင်္လာနေ့)တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုတမောင်၊ သုတမယ် စာဖတ်ဝိုင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျိုင်းတုံမြို့နယ်၌ ကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဝေါလ်ဗွီးရှင်း(မြန်မာ) ကျိုင်းတုံတို့ ပူးပေါင်းဆောင်ရွက်သော သုတမောင်၊ သုတမယ် စာဖတ်ဝိုင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဂိုးဖြူ စံပြကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးတင်အောင်က အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက သုတမောင်ဆုရ တွဲဖက်အလယ်တန်းကျောင်း (ယန်းလူး)မှ မောင်ဖီးချောင်းနှင့် သုတမယ်ဆုရ တွဲဖက်အလယ်တန်းကျောင်း(မိုင်းဇင်း)မှ မထက်ထက်အောင်တို့အားလည်းကောင်း၊ ဝေါလ်ဗွီးရှင်း (မြန်မာ) ကျိုင်းတုံမှ ဒေါ်နန်းရှုံနွန်းက ကဗျာရွတ်ဆိုပြိုင်ပွဲဆုရ အခြေခံပညာမူလတန်းလွန်ကျောင်း(ပုန်းထွန်)ကျောင်းသူကျောင်းသားများအဖွဲ့နှင့် စာဖတ်ဝိုင်းဆုရ တွဲဖက်အလယ်တန်းကျောင်း(မိုင်းဇင်း)ကျောင်းသား ကျောင်းသူများအဖွဲ့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပုသိမ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်ဆုချီးမြှင့်ပေး

ရန်ကုန် စက်တင်ဘာ ၂၂

အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်မတော်ပညာရေးကျောင်း အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၁၀နာရီက ရာပြည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက အမှာစကားပြောကြားပြီး ဆက်လက်၍ တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရရှိသူ မပြည့်ဖြိုးမြင့် **(ယာပုံ)**၊ ကျောင်းတွင်း စာရိတ္တထူးချွန်သူ မောင်သက်ဇင်ထွဋ်၊ အောင်ချက်ကောင်းအောင် သင်ကြားပေးသည့် အထက်တန်းပြ ဆရာမ ဒေါ်ကြည်ဝင်းတို့အား ဆုများပေးအပ်သည်။

ဆုများပေးအပ်

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော်က မြန်မာစာဂုဏ်ထူးရရှိသူ မောင်ထက်လင်းအောင်၊ မအိအိဖြိုး၊ မအက်စတာအောင်၊ မခိုင်သန္တာမြင့်နှင့်မဆုနန္ဒာလှိုင်တို့အား ဆုများပေးအပ်ပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများက တစ်ဘာသာဂုဏ်ထူးရရှိသူများနှင့် သူငယ်တန်းမှနဝမတန်းအထိ အတန်းလိုက်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်လေ့လာသိရှိနိုင်ရေးတို့အတွက် ဝန်ထမ်းများ၏ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ရက်က သန်လျင်မြို့ရှိ ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)

ဖတ်ကြားဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်သူတို့၏ ဆန္ဒများနှင့်အညီ တစ်ခဲနက်အတည်ပြုပြီးခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်စပ်လျဉ်း၍ အခြေခံမူ (၁၀၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက အခြေခံဥပဒေမူကြမ်းပါ အခန်း(၁၅)ခန်းကို အခန်းလိုက်၊ ခေါင်းစဉ်များအလိုက် တစ်ဦးချင်း အသေးစိတ် ဖတ်ကြားဆွေးနွေးကြသည်။ ထို့နောက် ခရိုင်ရုံးဦးစီးမှူး ဦးစံသိန်းက ၁၉၄၇ခုနှစ်နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ခုနှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ နှိုင်းယှဉ်ချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကာကွယ်ရေး မီးသတ်ရေငုတ်များ စစ်ဆေး

ကြို့ကုတ်(ပန်ဆိုင်း) စက်တင်ဘာ ၂၂

မီးဘေးကာကွယ်ရေးစီမံချက်အရ မြို့ရေပေးရေးပိုက်လိုင်းများမှတစ်ဆင့် သွယ်ယူဆောင်ရွက်ထားရှိသော မီးသတ်ရေငုတ်များ ကောင်းမွန်မှု ရှိမရှိကို မူဆယ်မြို့နယ်မှ မီးသတ်ဦးစီးမှူးဦးဝင်းညွန့်နှင့်အဖွဲ့ ကြို့ကုတ်(ပန်ဆိုင်း)မြို့သို့ လာရောက်စစ်ဆေးရာ ကြို့ကုတ်(ပန်ဆိုင်း)မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးထွန်းချစ်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖက်ရှင်အိတ်များ ဒုတိယမြောက် အရောင်းခန်းမ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်က ဖြန့်ချိရောင်းချသည့် PROMISE Fashion Bag ၏ ဒုတိယမြောက် အရောင်းခန်းမဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ၂၇လမ်းထောင့် အမှတ် ၂၈၈/၃၀၂ အခန်း(၇) မြေညီထပ်ရှိ PROMISE Fashion Bag Show Room (2) ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် လွှမ်းမိုးသူ ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်မျိုးသက်တို့က PROMISE Fashion Bag အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အမှတ်တရလက်ဆောင်

ထို့နောက်လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်က ဆိုင်ဖွင့်ပွဲသို့ တက်ရောက်လာကြသော အနုပညာရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်က ဖြန့်ချိရောင်းချသော PROMISE Fashion Bagများသည် ဟောင်ကောင်စက်ရုံမှ ကိုယ်ပိုင်တီထွင်ထုတ်လုပ်ထားသော အရည်အသွေးနှင့် ဒီဇိုင်းဆန်းသစ်လှပကောင်းမွန်သည့် အိတ်အမျိုးအစားများဖြစ်ပြီး အိတ်၏ ချို့ယွင်းချက် ရှိပါက တစ်လအတွင်း လဲလှယ်ပေးကာ ငွေကျပ် ၇၀၀၀၀နှင့်အထက် ဝယ်ယူအားပေးကြသူများအား ငါးရာခိုင်နှုန်း လျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့် VIP ကတ်များကို လက်ဆောင်ပေးမည်ဖြစ်သည်။

ဝယ်ယူရရှိနိုင်

PROMISE Fashion Bagများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာပထမထပ် အမှတ်(A) (၁၄/၁၅)ရှိ အရောင်းခန်းမ(၁)၊ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ၂၇လမ်းထောင့် အမှတ် ၂၈၈/၃၀၂ အခန်း(၇) မြေညီထပ်ရှိ အရောင်းခန်းမ(၂)နှင့် လွှမ်းမိုးသူအိတ်မျိုးစုံအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းတွင်အသုံးပြုရန် မီးစက်လှူဒါန်း

မုံရွာ စက်တင်ဘာ ၂၂

မုံရွာစက်မှုဇုန် Peace Brothers စက်မှုလက်မှု မိသားစုလုပ်ငန်းပိုင်ရှင် ဦးဝင်းထွဋ်အောင်-ဒေါ်ဝင်းလဲ့ဖြူ မိသားစုက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးရှိ ခွဲစိတ်ခန်းတွင် အသုံးပြုရန် ငွေကျပ် ၂၉သိန်းတန်ဖိုးရှိ ၁၅ကီလိုဝပ်Peace Brothers တစ်လုံးထိုး အသံငြိမ်မီးစက် တစ်လုံးလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး နှစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အလှူရှင်ဦးဝင်းထွဋ်အောင်က မီးစက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် Peace Brothers စက်မှုလက်မှု မိသားစုလုပ်ငန်းပိုင်ရှင် ဦးဝင်းထွဋ်အောင်-ဒေါ်ဝင်းလဲ့ဖြူ မိသားစုက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးရှိ ခွဲစိတ်ခန်းတွင်အသုံးပြုရန် ငွေကျပ်၂၉သိန်းတန်ဖိုးရှိ ၁၅ကီလိုဝပ် Peace Brothers တစ်လုံးထိုး အသံငြိမ်မီးစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က လက်ခံယူသည်။**(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီပဲယင်းမြို့၌ မြေယာရှင်းအလုဆင်

ဒီပဲယင်း စက်တင်ဘာ ၂၂

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် စက်တင်ဘာ ၈ရက်က ရေဦးမြို့ထွက် မြို့အဝင် မုခ်ဦးဆိုင်းဘုတ်တွင် မြေယာရှင်းအလှပြင်ဆင်ခြင်းလုပ်ငန်း အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဆန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ရေကူးအသံလွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး စက်ပစ္စည်းများစနစ်တကျထိန်းသိမ်း၊ စက်စွမ်းအားပြည့်ထုတ်လွှင့်နိုင်ရေး မှာကြား

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ရေကူးအသံလွှင့်စက်ရုံ အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ စက်ရုံမှတာဝန်ရှိသူများနှင့် လုံခြုံရေးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ရေကူးအသံလွှင့်စက်ရုံမှူး ဦးထွန်းအောင်နှင့် လုံခြုံရေးတာဝန်ရှိသူများက နေ့စဉ်ထုတ်လွှင့်နေမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး၊ စက်စွမ်းအားပြည့်ထုတ်လွှင့်နိုင်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ရေကူးအသံလွှင့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ ယနေ့ နိုင်ငံတကာကို ကြည့်လျှင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီး၌ ရင်ဆိုင်ဘက်ပြိုင်နိုင်စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ကြိုးစားလုပ်ဆောင်

သိပ္ပံနှင့်နည်းပညာအရာတွင် ထိပ်တန်းရောက်နေသည့် နိုင်ငံကြီးများပင်လျှင် ပိုမိုအစွမ်းထက်သည့် စွမ်းဆောင်မှုမျိုး ဖန်တီးပေးနိုင်မည့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ရှာကြံကြိုးပမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပြိုင်မှုများ၌ ဆက်လက်အသာစီးရရှိနိုင်စေရန် ကြိုးစားလုပ်ဆောင်နေကြဆဲဖြစ်ကြောင်း။

ဤသို့သော အခြေအနေ၊ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အသိဉာဏ် ဖွံ့ဖြိုးရှင်သန်မှုတို့ကို အခြေခံသည့် အမျိုးသား စည်းလုံးညီညွတ်မှုစွမ်းအား၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုစွမ်းအားနှင့် အမျိုးသား ဓနအင်အားတိုးပွားခိုင်မာမှု စွမ်းအားကောင်းများကို အခိုင်အမာ တည်ဆောက်ထားနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာတွင် ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်စွမ်းရှိမည် ဖြစ်ကြောင်း။

စီမံဆောင်ရွက်

ထို့ကြောင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို နိုင်ငံတကာပြောင်းလဲဖြစ်ပေါ်မှု အခြေအနေများ၊ မိမိနိုင်ငံ၏ ရုပ်လုံးပေါ်ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် အနာဂတ်နိုင်ငံတော်၏ အခြေခံများ၊ လိုအပ်ချက်များနှင့် ဆီလျော်ညီညွတ်စွာ တိုးတက်ပြောင်းလဲ မြင့်မားလာစေရအောင် ရည်မှန်းချက်ရှိရှိဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အဓိကအားဖြင့် နိုင်ငံတော်၏တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများ၊ အနာဂတ်အလားအလာများ၊ နိုင်ငံတကာအခင်းအကျင်းများက ဖန်တီးဖော်ဆောင်လာမည့် အခြေအနေ၊ အချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊မိမိလူမျိုး ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် ပညာစွမ်းအား၊ ပညာရည်အဆင့်အတန်းတို့ကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်စေရန် တစ်နည်းပြောရလျှင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကြား၌ အခြေအနေ၊ အချိန်အခါနှင့်လျော်ညီစွာ ရပ်တည်ဖြေရှင်းနိုင်သည့် ပညာစွမ်းအားဖြင့် အခါမလပ် ပြည့်စုံနေစေရေး စီမံဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသူ ကျောင်းသား လူငယ်များကို စာပေပညာတတ်ကျွမ်းရုံမျှမက နိုင်ငံဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးနိုင်စေမည့် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ဉာဏ်ရည်မြင့်မားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ အတတ်ပညာ နည်းပညာဆိုင်ရာကျွမ်းကျင်မှု စွမ်းအားကောင်းများနှင့်ပါ ပြည့်စုံစေရအောင် တစ်ပါတည်း လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ဤစွမ်းအားကောင်း၊ အလေ့အကျင့်ကောင်းများ၏ ခွန်အားဖြင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်နေမှုအရှိန်အဟုန်ဖြင့်လျော်ညီစွာ လိုအပ်လာသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီသတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စက်မှုဆိုင်ရာအခြေခံအဆောက်အအုံများ၊ အနာဂတ်ကာလဖြစ်ပေါ်ပြောင်းလဲမှုများအတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို အင်နှင့်အားနှင့်၊ ထုနှင့်ထည်နှင့် တည်ဆောက်ပေးကြရမည် ဖြစ်ကြောင်း။

ဖန်တီးဖော်ဆောင်

ဤကဲ့သို့နိုင်ငံ၏ ခေတ်မီတိုးတက်ပြောင်းလဲလာမှုအခြေအနေအရပ်ရပ်က တောင်းဆိုလာသော လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်မည့် ပညာရည်မြင့်မားမှု၊ ကျွမ်းကျင်မှု၊ အတတ်ပညာ၊ နည်းပညာပြည့်စုံမှုစွမ်းအားများကို ပညာရေးကဏ္ဍက ကြိုတင် ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြု နိုင်ငံ တစ်နိုင်ငံဖြစ်နေဆဲဖြစ်သော်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့သည့်အတွက် ခေတ်မီစက်မှုဇုန်များ၊ စက်မှုမြို့တော်များ၊ စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ တစ်ပြိုင်တည်းမှာပင် ခေတ်မီသတင်းနှင့်ဆက်သွယ်ရေး နည်းပညာ အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဉာဏဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ IT Industries များ အသိုင်းအဝိုင်းတစ်ရပ်အနေဖြင့် ပေါ်ထွန်းအရှိန်ရစပြုနေပြီလည်း ဖြစ်ကြောင်း။

ဖြတ်သန်းကူးပြောင်း

တစ်နည်းအားဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းတွင် စိုက်ပျိုးရေးအခြေခံမှသည် စက်မှုအခြေခံ ကုန်ထုတ်လုပ်ငန်းများနှင့် ပညာအခြေပြုထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအဆင့်ကို တစ်ပြိုင်တည်း ဖြတ်သန်းကူးပြောင်းရန် အရှိန်ယူနေခြင်းပင်ဖြစ်ကြောင်း။

ဤအခြေအနေ၊ အချိန်အခါနှင့်အညီ နိုင်ငံ၏ စီးပွားရေးအခြေခံများဖြစ်သည့် စိုက်ပျိုးရေး၊ စက်မှုနှင့် ဆက်သွယ်ရေးနည်းပညာ အခြေပြုလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း အပြန်အလှန်အကျိုးပြုဖြစ်ထွန်းလာစေရန် လိုအပ်သည့် စွမ်းအားစုများဖြစ်သည့် အခြေခံအဆောက်အအုံများ၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ၊ ငွေကြေးနှင့် ပညာရပ်ဆိုင်ရာ အရင်းအနှီးများ၊ စီမံခန့်ခွဲရေးနှင့် ဥပဒေရေးရာအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြတ်သန်းကျော်လွှား

ဤရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးတွင် အတတ်ပညာ၊ နည်းပညာစွမ်းအားသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများနှင့်အတူ ယှဉ်တွဲပါဝင်နေသော အခွင့်အလမ်းများကို အတတ်ပညာ၊ နည်းပညာစွမ်းအားဖြင့် ဖော်ထုတ် အသုံးချနိုင်မှသာ နိုင်ငံတော်က ရည်မှန်းသကဲ့သို့ သမိုင်းဖြစ်စဉ်အဆင့်ဆင့်ကို တစ်ပြိုင်တည်း၊ တစ်ဆက်တစ်စပ်တည်း ဖြတ်သန်းကျော်လွှား ကူးပြောင်းတက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအား ရင်ဝယ်သားသဖွယ် သဘောထားပြီး သားစဉ်မြေးဆက် ရာသက်တိုင် အကျိုးဖြစ်ထွန်းစေရအောင်ဆိုသည့် စေတနာဖြင့် အရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးစေမည့် အနာဂတ်ကိုမျှော်မှန်းသော အစီအမံများကို တစိုက်မတ်မတ်ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

အကျိုးရလဒ်ကောင်း

ပညာရေး၊ ကျန်းမာရေးအခြေခံကောင်းများ၊ ဆည်မြောင်းတာတမံကြီးများ၊ လမ်းမကြီး၊ တံတားကြီးများ၊ ရေရရှိရေး အစီအမံများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းများ စသည့် အစီအမံများသည် သားစဉ်မြေးဆက် ခံစားကြရမည့် အကျိုးရလဒ်ကောင်းများကို ဖန်တီး ဖော်ဆောင်ပေးလျက်ရှိကြောင်း။

အဓိကအားဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ တည်ငြိမ်အေးချမ်းမှု၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှု၊ ယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများ မြင့်မားခိုင်ကျည်မှု စသည့် အမွန်အမြတ်တရားများကို သားစဉ်မြေးဆက် ရရှိခံစားနိုင်စေရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ထွန်းလာစေရအောင် တစ်မျိုးသားလုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်း

ဆရာ ဆရာမတို့အနေဖြင့်လည်း သားစဉ်မြေးဆက် အကျိုးကျေးဇူးရရှိခံစားကြရမည့် အမျိုးသားပညာရည်မြင့်မားမှု အပါအဝင်ဖြစ်သည့် အမွန်အမြတ်တရားများ၊ အကျိုးရလဒ်ကောင်းများ ဆက်လက်ပြီး အရှည်တည်တံ့ခိုင်မြဲစေရအောင်၊ ဆက်လက်ပြီး ရှင်သန်တိုးတက်စေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၀၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၈ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာအု(ဒ်) ဘင် အယ်လ်ဖိုင်ဆယ် ဘင် အဗ္ဗဒူ(လ်) အာဇစ် အယ်လ်ဆာအု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

မိမိအကျိုး၊ ဒေသအကျိုးနှင့်၂၀၁၀ပြည့်နှစ်အတွင်း ကျင်းပမည့် တရားမျှတသော ရွေးကောက်ပွဲများတွင်လည်း အများပြည်သူတို့နှင့်အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန်အတွက်လည်းကောင်း၊ ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၉ရက်၊ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၃ရက် **(ယနေ့)**တွင် အကျဉ်းသား ၉၀၀၂ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ ပြန်လည်စေလွှတ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ရှေ့နေချုပ်ရုံးမှဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၁၉ရက်အထိကျင်းပသည့်"ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ စာချုပ်နှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများ၏တတိယအကြိမ်အစည်းအဝေး"သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင်လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာကြသည်။

ပြန်လည်လိုက်ပါ

မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်နှင့်အတူ ရှေ့နေချုပ်ရုံးမှညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဝီရှူးနှင့် ဦးခင်မောင်ဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား ပါပူရာပြည်နယ်၌ ငလျင်လှုပ် အဆောက်အအုံအချို့ အနည်းငယ်ပျက်စီး

ဂျကာတာ စက်တင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်တွင် စက်တင်ဘာ၂၂ရက်ဒေသစံတော်ချိန်ညနေ ၄နာရီ၅မိနစ်က ရစ်ချ်တာစကေး၅ဒသမ၄ရှိ ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှား သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ထိခိုက်ပျက်စီး

အဆိုပါမြေငလျင်ကြောင့် ပါပူရာပြည်နယ်မြို့တော် ဂျာယာပူရာမြို့တွင် နေအိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားပြီး အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

ဂွာတီမာလာတောင်ပိုင်း၌ ရေလွှမ်း ဒေသခံ ၉၀၀ ခန့်အား ဘေးကင်းရာရွှေ့ပြောင်းပေးနေ

မက္ကစီကိုစီးတီး စက်တင်ဘာ ၂၂

ဂွာတီမာလာနိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် စက်တင်ဘာ၂၂ရက်နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံပြည်သူ ၉၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိကြောင်း ဂွာတီမာလာနိုင်ငံ မိုးလေဝသဌာနမှအရာရှိများက ပြောကြားသည်။

ဘေးကင်းရာသို့ရွှေ့ပြောင်း

ရေလွှမ်းမှုဖြစ်ပွားသည့် ဒေသများမှာ ဆန်တာရိုဆာပြည်နယ် တောင်ပိုင်းဒေသများတွင်ဖြစ်ပြီး နေအိမ်အများအပြား ရေလွှမ်းမှုခံရကြောင်း၊ နေအိမ်များရေနစ်မြုပ်မှုကြောင့် ဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယမြောက်ပိုင်း၌ ရေလွှမ်းမှုများဆက်လက်ဖြစ်ပေါ် ဒေသခံ ၁၀၀ကျော်သေဆုံး ဆက်သွယ်ရေးပြတ်တောက်

နယူးဒေလီ စက်တင်ဘာ ၂၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် စီတာပါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုဖြစ်ပွားလျက်ရှိရာ**(အောက်ပုံ)** စက်တင်ဘာ ၂၂ရက်မွန်းလွဲပိုင်းအထိ သေဆုံးသူဦးရေမှာ၁၀၀ကျော်ရှိပြီဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ရွှေ့ပြောင်း

ရေလွှမ်းမှုကြောင့်ဥတ္တရပရာဒေ့ရှ်ပြည်နယ် စီတာပါခရိုင် ဝန်းကျင်ရှိ နေရာဒေသများတွင် ရေလွှမ်းမှုဆက်လက်ဖြစ်ပေါ်လျက်ရှိရာဒေသခံပြည်သူထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိသည်။ရေလွှမ်းမှုကြောင့် ဆက်သွယ်ရေးပြတ်တောက်လျက်ရှိပြီး ဓာတ်အားများ ဖြတ်တောက်ထားရသည်။ ရေဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေးအဖွဲ့မှ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

ယင်လုံးသံဆန်ခါဖြင့် ရောင်းချမှုစစ်ဆေး

ကလေး စက်တင်ဘာ ၂၂

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုဦးစီးမှူး(ဈေး) ဦးဇော်ဇော်ထွန်းနှင့်ဝန်ထမ်းများသည် ဈေးမိ၊ ဈေးဖများနှင့် ပူးပေါင်း၍ မြို့မဈေး၊ ပင်လုံဈေးတို့ရှိ အသားရောင်းဆိုင်များအား ယင်လုံသံဆန်ခါဖြင့် ဖုံးအုပ်၍ စည်းကမ်းနှင့်အညီ ရောင်းချခြင်းရှိမရှိကို ဩဂုတ်၂၉ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အင်အားအသင့်အတင့် ငလျင်လှုပ်

ရန်ကုန် စက်တင်ဘာ ၂၂

စက်တင်ဘာ၂၂ရက် မြန်မာစံတော်ချိန် ည၈နာရီ၀၂မိနစ် ၀၂စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် ၈၅မိုင်ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံတောင်ဘက်ကမ်းရိုးတန်းအနီး)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသောမြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အယ်လ်ဒီပီပါတီခေါင်းဆောင်အဖြစ် မစ္စတာအာဆို ရွေးချယ်ခံရ ဂျပန်ဝန်ကြီးချုပ်ဖြစ်လာရန် သေချာ

တိုကျို စက်တင်ဘာ ၂၂

ဂျပန်အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)အတွင်းရေးမှူးချုပ်တာရိုအာဆို**(ဓါတ်ပုံ)**အား ပါတီခေါင်းဆောင်သစ်အဖြစ် စက်တင်ဘာ ၂၂ရက်က ရွေးချယ်လိုက်သဖြင့် မစ္စတာအာဆိုမှာဂျပန်ဝန်ကြီးချုပ်သစ်ဖြစ်လာရန် သေချာသွားပြီဖြစ်သည်။

မစ္စတာအာဆိုသည် ဝန်ကြီးချုပ်ကိုအိဇုမိနှင့် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအစိုးရ လက်ထက်တို့တွင်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

စီးပွားရေးမြှင့်တင်ရန် ပြည်သူတို့ ပိုမို ဝယ်ယူသုံးစွဲရေးကို အားပေးပြီး ကိုယ့်ကိုယ်ကို ယုံကြည်သည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်မည်ဟု မစ္စတာအာဆိုက ပြောကြားသည်။ ဆန္ဒမဲ ၅၂၇ မဲအနက် ၄င်းအား ထောက်ခံမဲ၃၅၁မဲ ပေးကြောင်း ပါတီ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ယူဆုအိက ကြေညာသည်။

အယ်လ်ဒီပီအမတ်အများစုရှိသော အောက်လွှတ်တော်၏ ဗုဒ္ဓဟူးနေ့ အထူးအစည်းအဝေးတွင် မစ္စတာအာဆိုအနေဖြင့် ဂျပန်ဝန်ကြီးချုပ်ရာထူးကို လက်ခံမည်ဖြစ်သည်။

ဂျပန်ကမ်းလွန်၌ စက်လှေနစ်မြုပ် ၁၀ဦး သေဆုံး

တိုကျို စက်တင်ဘာ ၂၂

ဂျပန်နိုင်ငံ နီအီဂါတာမြို့ကမ်းလွန်တွင် စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ၄၅မိနစ်က အပျော်စီး စက်လှေတစ်စင်း နစ်မြုပ်ခဲ့ကြောင်း(အောက်ပုံ) ဂျပန်ကမ်းခြေစောင့်လုံခြုံရေးတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

အဆိုပါအပျော်စီးစက်လှေသည် ခရီးသည် ၁၀ ဦးကို တင်ဆောင်ကာ ဆာဒိုကျွန်းမှ နီအီဂါတာမြို့သို့ ခုတ်မောင်းလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူကိုးဦးကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း၊ နစ်မြုပ်မှုကို စုံစမ်းလျက်ရှိကြောင်း ၄င်းအရာရှိများက ဆက်လက်ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်လာသော အမေရိကန်စစ်ရဟတ်ယာဉ်နှစ်စင်း ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပစ်ခတ်

ကရာချိ စက်တင်ဘာ ၂၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ စက်တင်ဘာ ၂၂ရက်က နယ်စပ်ဖြတ်ကျော် ပျံသန်းဝင်ရောက်လာသော အမေရိကန်စစ်ဘက်ရဟတ်ယာဉ်နှစ်စင်းကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဟန့်တားခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများက ပြောကြားသည်။

အမေရိကန်စစ်ရဟတ်ယာဉ်များမှာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဝါဇီရီစတန်ဒေသသို့ ဖြတ်ကျော်ပျံသန်း ဝင်ရောက်လာရာ ယင်းစစ်ရဟတ်ယာဉ်နှစ်စင်းကို မြေပြင်မှ ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဟန့်တားခဲ့သဖြင့် အမေရိကန်စစ်ရဟတ်ယာဉ်နှစ်စင်းမှာ နောက်ကြောင်းပြန်လှည့်သွားကြောင်း ၄င်းတို့က ပြောကြားသည်။

ထိုသို့ ပစ်ခတ်မှုကြောင့် အမေရိကန်စစ်ရဟတ်ယာဉ်များ ထိမှန်မှုရှိမရှိ သတင်းမထုတ်ပြန်ကြောင်း သိရသည်။

ဗင်နီဇွဲလား ကရာကတ်စ်မြို့၌ လက်ပစ်ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ ၁၉ဦးဒဏ်ရာရရှိ

ကရာကတ်စ် စက်တင်ဘာ ၂၂

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တွင် စက်တင်ဘာ၂၂ရက်ကလက်ပစ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အနည်းဆုံး ၁၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလား လုံခြုံရေးအရာရှိများက ပြောကြားသည်။

ပေါက်ကွဲမှုမှာ ကရာကတ်စ်မြို့ရှိ အထပ်မြင့်လူနေအဆောက်အအုံ၏ ရှစ်ထပ်မှ လူငယ်တစ်ဦးက လက်ပစ်ဗုံးကို အောက်သို့ပစ်ထည့်လိုက်ခြင်း ဖြစ်ကြောင်း၊၄င်းဗုံးမှာ မြေပြင်ရှိ လူစုအနီးကျရောက်ပေါက်ကွဲခဲ့သဖြင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၂၂

စက်တင်ဘာ ၂၁ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက ဟာဂူပစ်မုန်တိုင်းသည် တရုတ်(တိုင်ပေ) အနောက်တောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိပေသည်။ နီပေါနိုင်ငံအနောက်ပိုင်းတွင် မြေပြိုမှုဖြစ်၍ လူသေဆုံးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးလေဝသအခြေအနေ

စက်တင်ဘာ ၂၂ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကွက်၍ မိုးရွာခဲ့သည်။ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

စက်တင်ဘာ ၂၂ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၁၁ လက်မ
အမ်း	၆ ဒသမ ၆၂ လက်မ
သံတွဲ	၅ ဒသမ ၆၃ လက်မ
မချမ်းဘော	၃ ဒသမ ၅၈ လက်မ
ပူတာအို	၂ ဒသမ ၄၄ လက်မ
စစ်တွေ	၂ ဒသမ ၃၆ လက်မ

စက်တင်ဘာ၂၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး မန္တလေးတိုင်းတွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

စက်တင်ဘာ၂၃ရက်**(ယနေ့)** နေပြည်တော်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အကြမ်းဖက်အဖျက်သမား အန္တရာယ် ပြည်သူ့အားနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ် (၂)

လူသစ်

(ယမန်နေ့ကအဆက်)

၁၉၆၇ခုနှစ်မှာ KNU တွေဟာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က အိမ်ခြေ၈၀၀ကျော်ရှိတဲ့ ရွှေပြည်သာရွာကြီးကို မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ သာပေါင်းမြို့နယ်မှာရှိတဲ့ ကြက်သွန်ခင်းနဲ့ ကြို့ကုန်းကျေးရွာတွေကိုလည်း ပြာပုံအတိဖြစ်အောင် မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ၁၉၈၅ခုနှစ်မှာတော့ ကျွဲပွဲနဲ့ ညောင်ခြေထောက်ကြား မိုင်တိုင်၁၂၇အနီးမှာ ရန်ကုန်-မန္တလေး အဆန်ရထားကို မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ရဟန်းရှင်လူပြည်သူ ၇၆ဦးသေဆုံးပြီး ၁၂၂ဦးဒဏ်ရာ ရရှိခဲ့ ပြန်ပါတယ်။ သူတို့ဟာ လူမျိုးရေးမုန်းတီးမှုကြောင့် လူပေါင်းများစွာကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြရာကနေ နောက်ပိုင်းမှာတော့ လူမျိုးရေး မုန်းတီးမှုကြောင့်လည်းမဟုတ်၊ နိုင်ငံရေးကြောင့်လည်းမဟုတ်ဘဲ တမင်သက်သက် သွေးဆာနေတဲ့ အပြုအမူတွေနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်လာခဲ့ကြတာ အထင်အရှားပါပဲ။

ဒါ့အပြင် KNUသောင်းကျန်းသူ ခေါင်းဆောင်အချို့ဟာလည်း လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်ရာမှာ နာမည်ဆိုးနဲ့ကျော်ကြားခဲ့ကြတယ်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နဲ့အဖွဲ့ဟာ စစ်တောင်းကထွက်ခွာလာတဲ့ လူစီးရထားကို နောင်ကုလားရွာအနီးမှာ မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်တွေဆီက ပါသမျှပစ္စည်းအားလုံး လုယက်ယူငင်ခဲ့ကြပါတယ်။ ယောကျ်ား၊ မိန်းမ ၅၀ခန့်ကို ပြန်ပေးဆွဲပြီး ငွေနဲ့လိုက်ရွေးတဲ့ ယောကျ်ားတွေကို ပြန်လွှတ်ပေးတယ်။ငွေနဲ့လိုက်ရွေးတဲ့ အမျိုးသမီးတွေကိုတော့ မုဒိမ်းကျင့်ပြီးမှ ပြန်လွှတ်ပေးခဲ့တယ်။ ငွေပေးပြီးမရွေးနိုင်တဲ့ယောကျ်ားအားလုံးကို သတ်ပစ်ခဲ့ပြီး ငွေပေးပြီးမရွေးနိုင်တဲ့ အမျိုးသမီးအားလုံးကိုတော့ အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်ပြီးမှ သတ်ပစ်ခဲ့ကြပါတယ်။

အလားတူ KNU သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော်တို့ဟာ အဓမ္မပြုကျင့်တဲ့ကိစ္စကို ထမင်းစား၊ ရေသောက်သဘောထားပြီး ကျူးလွန်ခဲ့ကြတယ်လို့ သိရပါတယ်။ အဲဒီလို အဓမ္မကျူးလွန်ရုံတင်မကဘဲ လင်းထင်က တရားဝင်မိန်းမ ၄၅ယောက် ယူခဲ့တယ်လို့ဆိုပါတယ်။ဆလန်က မိန်းမ ၁၂၀ ကျော်၊ သူ့ထက်ကဲ ဖားလူကျော်ကတော့ မိန်းမ၁၅၀ကျော် ယူခဲ့ပါတယ်။ KNU တွေ အဓမ္မပြုကျင့်စော်ကားခဲ့လို့ ဗမာ၊ ကရင်၊ မွန် တိုင်းရင်းသူ ထောင်ပေါင်းများစွာ ဘဝပျက်ခဲ့ရတယ်။ မြစ်ဝကျွန်းပေါ် KNU ပြောက်ကျား တပ်ရင်း(၃)က ဗိုလ်သန်းရှိန်ဆိုတာလည်း အမျိုးသမီးတွေကို ဖျက်ဆီးတဲ့နေရာမှာ သိပ်ကို နာမည်ကြီးခဲ့တယ်လို့ ဆိုပါတယ်။သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုးဆိုတဲ့ စကားအတိုင်း တကယ်ကျင့်သုံးခဲ့တဲ့ လူဆိုးဗိုလ်တစ်ဦးပါပဲ။ KNU ကျူးလွန်ခဲ့သမျှ Licensed to Rape ကိစ္စ အိတ်သွန်ဖာမှောက် ပြောရမယ်ဆိုရင် ရက်နဲ့ချီပြီးကြာမှာ အသေအချာပါပဲ။တိုင်းရင်းသူအမျိုးသမီးလေးတွေဘက်ကကြည့်ရင်တကယ်ကို ခံပြင်းစရာကောင်းလွန်းလှပါတယ်။

KNU တွေက လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ အစဉ်အဆက် ယဉ်ပါးခဲ့သူများပီပီ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသော လေယာဉ်အပိုင်စီးနင်းမှုကို အကြမ်းဖက်ဝါဒရဲ့ လမ်းပြရှေ့ဆောင်အဖြစ် ကျူးလွန်ခဲ့ကြဖူးပါသေးတယ်။ ၁၉၅၄ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ရန်ကုန်-ကျောက်ဖြူ- စစ်တွေ ခရီးစဉ် မြန်မာ့လေကြောင်းပိုင်ခရီးသည်တင် ဒါကိုတာလေယာဉ်ကို KNU တွေက အပိုင်စီးခဲ့ကြတာ မမေ့နိုင်စရာ မှတ်တမ်းဝင်ဖြစ်ရပ်ပါပဲ။ ဒါ့အပြင် ၁၀-၁-၁၉၈၈ ရက်နေ့က မန္တလေး-ရန်ကုန် အစုန်အမြန်ရထားကို ရန်ကုန်ဘူတာကြီးအဝင်မှာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှု၊ ၁၉၈၈ခုနှစ် မတ်လမှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးမှု၊ ၁၀-၅-၁၉၈၉ ရက်နေ့မှာ အလံတစ်ရာ ဆရာတော်ကြီးရဲ့ ပုံတူရုပ်တုကို သယ်ဆောင်ဖို့ သထုံ-ဘားအံ-လှိုင်းဘွဲ့ခရီးစဉ်အတိုင်းလာတဲ့ သာသနာပြုယာဉ်တန်းကို ကြာအင်းကျေးရွာအနားမှာ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်တွေကို မီးရှို့ဖျက်ဆီးခဲ့မှု၊ ၃-၂-၁၉၉၁ ရက်နေ့မှာ ထားဝယ်ကနေ သရက်ချောင်းကို ကြွချီလာတဲ့ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုတဲ့ သာသနာပြုယာဉ်တန်းကို စောင့်ကြိုပြီး မိုင်းခွဲတိုက်ခိုက် လုပ်ကြံမှုစသဖြင့် ပြောမဆုံးနိုင်အောင် ပက်ပက်စက်စက် ကျူးလွန်ခဲ့ကြပါတယ်။

လွှဲမှားတဲ့လမ်းကြောင်းပေါ်မှာ ကရင်ပြည်နယ်ဖွံ့စည်းရေး၊ ကရင်လူထု ကောင်းစားရေး ဆိုတာတွေကို ပါးစပ်ကအမြုပ်ထွက်မတတ် ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ KNUဟာ စစ်ဘုရင်ဝါဒနဲ့ တစ်ဗိုလ်တစ်မင်းကျင့်သုံးပြီး ကရင်အပါအဝင် ဒေသခံလူထုတွေကို ငြိုးသူရန်ဘက်ပမာ ရက်ရက်စက်စက်ပြုကျင့် ဗိုလ်ကျခဲ့ကြပါတယ်။ ဒါတွေကြောင့်လည်း KNU ဟာ ဒေသခံလူထုရဲ့ ထောက်ခံမှု လုံးဝဆုံးရှုံးပြီး မြစ်ဝကျွန်းပေါ်ဒေသက ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါတယ်။ ကရင်အပါအဝင် ဒေသခံပြည်သူတွေက ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁ သုံးနှစ်အတွင်းမှာ တပ်မတော်နဲ့ပူးပေါင်းပြီး ရွှေလင်းယုန်၊ မိုးဟိန်း၊ သိလ္လာ စတဲ့စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့ကြပါတယ်။ ပြည်သူတွေ ကိုယ်တိုင်ပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာနဲ့ ဖြတ်လေးဖြတ်နည်းဗျူဟာတွေကြောင့် KNUတွေဟာ မြစ်ဝကျွန်းပေါ်ဒေသကို စွန့်လွှတ်ပြီး တစ်ဖက်နိုင်ငံနယ်စပ်ကို ရောက်သွားခဲ့ရတာပါ။

အဲဒီကိုရောက်ပြန်တော့လည်း ပါးစပ်ကသာ ကရင်လူထု ကောင်းစားရေး ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ နယ်စပ်တစ်လျှောက်မှာ အခိုင်အမာစခန်းကြီးတွေဆောက်ပြီး ဗိုလ်ကျမင်းမူဖို့ ကြိုးစားခဲ့ကြပြန်တယ်။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် ဘာတစ်ခုမှလုပ်မပေးနိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်။ အခွန်ကောက်တယ်။ တစ်ဖက်က ကျောက်မျက်နဲ့ ကျွန်းသစ်တွေ ခိုးထုတ်ရောင်းစားတယ်။ နိုင်ငံခြားငွေရရှိဖို့ ဒုက္ခသည်စခန်းတွေကို အယောင်ပြပြီး ငွေတောင်းတယ်။ နိုင်ငံကြီးတွေရဲ့ ပေးစာကမ်းစာ၊ ထောက်ပံ့စာယူပြီးတော့ ပြည်ပသြဇာခံဘဝ ကျရောက်ခဲ့ရတယ်။ KNUဟာ ကရင်ပြည်နယ်ကို ချစ်သလား၊ ကရင်လူထုကို ချစ်သလားလို့ မေးနေစရာတောင် မလိုတော့ပါဘူး။

တစ်ဖက်ကိုပြန်ကြည့်ရင် တပ်မတော်အစိုးရကတော့ နှစ်ပေါင်း၄၀ကြာ ပြည်တွင်းသောင်းကျန်းမှုချုပ်ငြိမ်းပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့တာ အထင်အရှားပါပဲ။ ဒါကြောင့် အဲဒီအချိန်တုန်းက တပ်မတော်ဟာ စစ်ရေးအရ အသာစီးရနေပေမယ့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်လိုတဲ့ စေတနာအရင်းခံနဲ့ ၂၈-၄-၁၉၉၂ရက်နေ့မှာ KNUကို ထိုးစစ်ဆင်မှုရပ်ဆိုင်းကြောင်း ကြေညာပြီး ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စစ်ဆင်ရေးများ တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ရဲ့ စိတ်ရင်းစေတနာမှန်နဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုကို လက်ခံယုံကြည်ပြီး လူမျိုးစွဲ၊ ဝါဒစွဲ၊ ပြည်ပအစွဲ ကင်းတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အခြားအဖွဲ့ငယ်များဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။

ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်သေးတဲ့ သောင်းကျန်းသူဆိုလို့ KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နဲ့ SSA-S ရှက်ဆစ်အဖွဲ့တို့လောက်ပဲ ကျန်ပါတော့တယ်။ဒီအဖွဲ့တွေကလည်း ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်းမရှိတော့လို့ အိမ်နီးချင်းနိုင်ငံ နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝ ရောက်နေပါပြီ။အထူးသဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ အမည်ခံထားတဲ့ စခန်းတွေမှာ အခြေပြုနေထိုင်ပြီး ကျွန်တော်တို့ဘက်ကိုတော့ ပြောက်ကျားစနစ်နဲ့ တစ်ခါတစ်ခါ ဝင်ရောက် နှောင့်ယှက်နေကြပါတယ်။ တစ်နိုင်ငံလုံးမှာ အဲဒီသောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသ အနည်းအကျဉ်းလောက်ပဲ မတည်ငြိမ်၊ မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီဒေသခံလူထုက ဒီသောင်းကျန်းသူတွေကို စိတ်နာမယ်ဆိုရင်လည်း ပြင်းပြင်းထန်ထန်ကြီးကို နာသင့်ပါတယ်။

မှတ်တမ်းများအရ KNU ဟာ ၁၉၉၅ခုနှစ်ကစပြီး တပ်မတော်နဲ့ အလွတ်သဘော သုံးကြိမ်ဆွေးနွေးခဲ့ပါတယ်။ တရားဝင်လေးကြိမ် ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် သူတို့ဘက်က နဂိုမူလကတည်းက ကောက်နေတဲ့ အကောက်ကို လျှော့မပေးနိုင်လေတော့ တွင်းဝင်မဖြောင့်ခဲ့ဘူး ဆိုရမှာပါပဲ။ ဒါပေမယ့်လည်း KNU ကနေ ခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ အခုဆိုရင် အစုအဖွဲ့ပေါင်း ခြောက်ဖွဲ့တောင်ရှိခဲ့ပါပြီ။ ဒါကိုတောင် လက်ကျန် KNU တွေက အခဲမကျေနိုင်လေတော့ ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့တဲ့ အဖွဲ့တွေကို အလွတ်မပေးဘဲ ချောင်းမြောင်းလုပ်ကြံတိုက်ခိုက်တာတွေ ရှိခဲ့ပါသေးတယ်။ ဦးစောသမူဟဲတို့ ဟောင်သရောဒေသဆိုရင် ငြိမ်းချမ်းရေးယူပြီးမှ KNU တွေ လာပစ်တာ အကြိမ်ပေါင်း ၂၂ကြိမ်တောင် ရှိခဲ့ပါတယ်။ KNU တပ်ရင်း(၈) ကြည်လင်း ခေါင်းဆောင်တဲ့အဖွဲ့တွေ လာပစ်ကြတော့ ဦးစောသမူဟဲရဲ့ သမီးနှစ်ယောက်၊ မြေးနှစ်ယောက်နဲ့ ယောက်ဖ ကျောင်းဆရာအငြိမ်းစားတစ်ယောက် ဆုံးသွားခဲ့ပါတယ်။ သမီးအငယ်ဆုံးက ကျည်သင့်ပြီး လက်တစ်ဖက် ဖြတ်ခဲ့ရတယ်။ နောက်ပိုင်းကျတော့ ကြည်လင်းလည်း သူ့အကုသိုလ်နဲ့ သူပြန်ပြီး အသတ်ခံရတာပါပဲ။ DKBA ဆိုရင်လဲ သူတို့ဘက်သားမဟုတ်လေတော့ DKBAရဲ့ယာဉ်တန်းကို ချောင်းပစ်ရတာနဲ့၊ ချုံခိုတိုက်ရတာနဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် အငြိုးအတေးကြီးကြီးနဲ့ ရက်ရက်စက်စက် လုပ်ရက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ ကြိုးစားတဲ့အဖွဲ့တွေကိုလည်း ဥပဒေဘောင်အတွင်း မဝင်ဖြစ်အောင် ပြည်ပနဲ့ပေါင်းပြီး နည်းအမျိုးမျိုးနဲ့ လုပ်ခဲ့ကြတာတွေ အများကြီး ရှိခဲ့ပါတယ်။ တကယ်ကိုပဲ ကလိမ်ကကျစ်နည်းတွေသုံးပြီး သူတို့ရပ်တည်မှု ခိုင်မာအောင် ကျားကန် ကြိုးစားနေပေမယ့် ဒီနေ့ KNU ဆိုတာ လက်ကျန် အင်အား အတော့်ကို နည်းနေပါပြီ။

KNU အင်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တပ်မတော်အစိုးရဘက်ကတော့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ပါ။ နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာ အောင်မြင်လုနီးပါးအဆင့်ကို ရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာနိုင်ငံကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ် မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေတာနဲ့ပဲ အောင်မြင်ပြီးမြောက်တဲ့အဆင့်ကို ဘယ်လိုမှမရောက်နိုင်ခဲ့တာ အားလုံးအတွက် တကယ်ကို စိတ်မကောင်းစရာပါပဲ။

အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ နယ်စပ်တစ်လျှောက် သောင်းကျန်းသူစခန်းဆိုလို့ တစ်ခုမျှမရှိတော့ပါဘူး။ တပ်မတော်အနေနဲ့ နယ်မြေလုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် နယ်စပ်တစ်လျှောက် စခန်းထိုင်ပြီး စောင့်ကြပ်နေနိုင်တဲ့ အခြေအနေ ရောက်နေပါပြီ။ ဒီလိုအခြေအနေမှာ KNU က ခိုးကြောင်ခိုးဝှက် ဝင်လာပြီး ရထားလမ်း၊ ကာလမ်းနဲ့ မြို့ရွာတွေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေ အပါအဝင် အဖျက်အမှောင့်လုပ်ငန်းတွေ၊မိုင်းထောင်တာတွေပဲ လုပ်နိုင်ပါတော့တယ်။ ဘာပဲဖြစ်ဖြစ် KNU ဒီလောက်အထိ သက်ဆိုးရှည်နေရတာဟာလည်း သူတို့ကိုးကွယ်နေတဲ့ အနောက်ဆရာကြီးတွေနဲ့ လက်ပါးစေတွေက KNU လက်ကျန်တွေကို သွေးထိုးမြှောက်ပင့် ပံ့ပိုးကူညီ နေတာတွေ၊ ဒုက္ခသည် အမည်ခံထားတဲ့ KNU စခန်းတွေကို တစ်ဖက်နိုင်ငံက လက်ခံခွင့်ပြုထားတာတွေကြောင့်ဆိုတာ ထင်ရှားနေတာပါပဲ။ ဒါ့အပြင်မီးရှို့၊လူသတ်၊ လုယက်၊ မုဒိမ်းကျင့်၊ လူကုန်ကူးစတဲ့ အကြမ်းဖက်ရာဇဝတ်မှုတွေကို ဒီနေ့ထက်ထိ အတောမသတ်အောင် ကျူးလွန်နေတဲ့ KNU လက်ကျန်အုပ်စုကို အနောက်ဆရာကြီးတွေက ကရင်တိုင်းရင်းသားအားလုံးက ထောက်ခံနေတဲ့ အဖွဲ့ ဖြစ်သယောင်ယောင်၊ ကရင်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုနေတဲ့ အဖွဲ့ ဖြစ်သယောင်ယောင် အမွှမ်းတင်ပြောဆို အသံလွှင့်ဝါဒဖြန့် ကူညီပံ့ပိုးနေတာတွေဟာလည်း သူတို့သက်ဆိုးရှည်ရခြင်းရဲ့ အကြောင်းရင်းတွေပါပဲ။

လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်ရင် တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားဦးရေက သုံးသန်းခွဲခန့်ရှိလေတော့ KNU လက်ကျန်အင်အားကတော့ ရာဂဏန်းစွန်းစွန်း ထောင်ဂဏန်း အနည်းငယ်လောက်သာ ရှိတာဖြစ်ပါတယ်။ ဒါကြောင့် လက်တစ်ဆုပ်စာ KNU ဟာ ကရင်တိုင်းရင်းသားထုကို ဘယ်လိုမှ ကိုယ်စားပြုနိုင်ခြင်းမရှိသလို ကရင်တိုင်းရင်းသားတွေကလည်း KNU ဆိုတာကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မမှတ်ကြတော့ပါဘူး။ KNUက သပ်သပ်၊ ကရင်တိုင်းရင်းသားကသပ်သပ် ရပ်တည်မှုတခြားစီ ဖြစ်နေပါပြီ။

ကျောက်ကြီးမြို့ ဗီဒီယိုရုံ မိုင်းပေါက်ကွဲမှုနဲ့ပတ်သက်ပြီး KNU က ဒီကိစ္စဟာ သူတို့ရဲ့လက်ချက်မဟုတ်ဘူးဆိုပြီး KNU နိုင်ငံခြားရေးတာဝန်ခံ ဖဒိုစောဒေးဗစ်ထောက တွင်တွင်ကြီးငြင်းနေတဲ့ နောက်ဆက်တွဲသတင်းကိုလည်း ကြားမိပါသေးတယ်။ ဒီလို နိုင်လိုမင်းထက်စွပ်စွဲတာဟာ KNUရဲ့ နိုင်ငံရေးသိက္ခာချဖို့ လုပ်နေတာပါဆိုပြီး ကုန်းကောက်စရာမရှိတဲ့ သိက္ခာကို အိုးမလုံအုံပွင့်တဲ့စကားနဲ့ ကြိုးစားပမ်းစား ကာကွယ်သွားရှာပါတယ်။ တကယ်တော့ ဆင်ကြီးတစ်ကောင်လုံးတွေ့နေမှ ဆင်ခြေရာရှာဖို့ မလိုတော့ပါဘူး။ သမိုင်းကြောင်းအရလည်း တစ်စက်ကလေးမှ ကောင်းကွက်ရှိခဲ့တာမဟုတ်ပါဘူး။ စပေါ်လာကတည်းက ဗီဇက မမှန်၊ ဝါဒရေးလမ်းစဉ်ကတလွဲ၊ အတွေးအခေါ်က တစ်ယူသန် တစ်ဇောက်ကန်း၊ လုပ်ရပ်က ယုတ်မာရက်စက်ကြမ်းကြုတ်မှုမှာ သရဖူဆောင်းနေတဲ့ KNU က အခုမှဒါမဟုတ်ပါဘူးလို့ ဖြောင်ငြင်းနေလို့ ဘယ်သူကယုံကြည်မလဲ။ KNU ဘာလဲ၊ ဘယ်လဲဆိုတာ ကျွန်တော်တို့ ပြည်သူက နောကျေနေပါပြီ။

ဘာပဲဖြစ်ဖြစ် အမှားကို အမှားမှန်းမသိဘဲ ဆက်မိုက်နေရင်တော့ အမှန်တရားနဲ့ ဝေးသထက်ဝေးတော့မှာပါပဲ။ အခုလဲ KNU အကြွင်းအကျန်တွေဟာ တစ်ဖက်နိုင်ငံနယ်စပ်မှာ ဒုက္ခသည်စခန်းအမည်ခံပြီး အခြေပြုနေကြဆဲဖြစ်ပါတယ်။ အဲဒီ ဒုက္ခသည်စခန်းကနေပဲ ပြောက်ကျားနည်းနဲ့ ကျွန်တော်တို့နိုင်ငံနယ်စပ်ကို မကြာခဏပြန်ခိုးဝင်ပြီး အခုလို နှောင့်ယှက်တိုက်ခိုက်မှုတွေ လုပ်နေကြတုန်းပါပဲ။ တပ်မတော်အစိုးရက ဒီလက်ကျန်အုပ်စုတွေအတွက် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲဖြစ်ပါလျက်နဲ့ သူတို့က ဒီအခွင့်ကောင်းကို အရအမိ ဖမ်းဆုပ်မယူနိုင်ခဲ့တာ စေ့စေ့တွေးကြည့်ရင် စိတ်မကောင်းစရာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပြည်သူတွေ တည်ငြိမ်အေးချမ်းစွာ၊ ဥပဒေနဲ့အညီ လွတ်လပ်စွာလုပ်ကိုင်သက်မွေးနေထိုင်ရင်း ညီညီညွတ်ညွတ်နဲ့ဒီမိုကရေစီပန်းတိုင်ဆီ အားကြိုးမာန်တက်ချီတက်နေကြတာကို မနာလိုမရှုဆိတ်နိုင်ဘဲ ဖျက်လိုဖျက်ဆီး လုပ်ချင်နေသူတွေ ရှိနေတာအမှန်ပါပဲ။ သူတို့အနေနဲ့ အပြစ်မဲ့ပြည်သူတွေဆိုပြီး လက်ရှောင်ရကောင်းမှန်းမသိတာလည်း အထင်အရှားပါပဲ။ ဒါကြောင့် **KNU** အပါအဝင် အကြမ်းဖက်အဖျက်သမားတွေအနေနဲ့ အခုလို အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ပြီးမလုပ်နိုင်ရအောင် ကျွန်တော်တို့ ပြည်သူများဘက်က မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေ၊ အကြမ်းဖက် အဖျက်သမားတွေ အသွင်အမျိုးမျိုးနဲ့ ထိုးဖောက်ဝင်ရောက်မလာနိုင်အောင် အထူးသတိပြုစောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ကြဖို့ လိုပါလိမ့်မယ်။ မသင်္ကာဖွယ်ရာ တွေ့ရှိပါကလည်း တာဝန်ရှိသူတွေထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြဖို့လိုမှာဖြစ်ပါတယ်။ အဲဒီလို ပြည်သူရဲ့ ပူးပေါင်းကူညီမှုအားနဲ့ ကြိုတင်ဖော်ထုတ်နိုင်မှသာ အပြစ်မဲ့ပြည်သူတွေ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မှာဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

KNU အင်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တပ်မတော်အစိုးရဘက်ကတော့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲ ဖွင့်ထားလျက်ပါ။ နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာ အောင်မြင်လုနီးပါးအဆင့်ကို ရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာနိုင်ငံကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေတာနဲ့ပဲ အောင်မြင်ပြီးမြောက်တဲ့အဆင့်ကို ဘယ်လိုမှ မရောက်နိုင်ခဲ့တာ အားလုံးအတွက် တကယ်ကို စိတ်မကောင်းစရာပါပဲ။

Air Bagan အသင်း ဘဏ္ဍာ/အခွန်ကို သရေကစား ပြည်ထဲရေးက ဆက်သွယ်ရေးအသင်းကို အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းနှင့် Air Bagan F.C တို့ တစ်ဂိုးစီ သရေကျသွားပြီး ပြည်ထဲရေးက ဆက်သွယ်ရေးကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - တစ်ဂိုး။
Air Bagan - တစ်ဂိုး။

ပထမတန်းမှာ အမှတ်ပေးချန်ပီယံဖြစ်ပြီး အဆင့်မြင့်တန်းကို ပထမဦးဆုံး ရောက်ရှိလာတဲ့ တန်းတက် Air Bagan အသင်းကတော့ ရလဒ်ကောင်းနဲ့အတူ အဆင့်မြင့်တန်းစာမျက်နှာကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ Air Bagan အသင်းဟာ ကိုယ့်ထက် အတွေ့အကြုံ၊ သမ္မာရှိတဲ့ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်ကို ခြေရည်တူ လိုက်ကစားပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အကောင်းဆုံး

လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းကတော့ ယခုနှစ် အမှတ်ပေးပြိုင်ပွဲမှာ အကောင်းဆုံး ခြေစွမ်းထုတ်ပြနိုင်ခြင်း မရှိသေးဘဲ ပထမပွဲစဉ်မှာ တန်းတက်ဆက်သွယ်ရေးကို ပွဲပြီးခါနီးသွင်းတဲ့ ဂိုးနဲ့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို အခုပွဲမှာလည်း နောက်က လိုက်ကစားရပြီး နာကျင်အချိန်ပိုကျမှ ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ Air Bagan အသင်းကတော့ ဘဏ္ဍာ/အခွန်အသင်းကို အနိုင်မခံ၊အရှုံးမပေးစိတ်ဓာတ်နဲ့ ကြိုးစားကစားခဲ့တာ တွေ့ရပါတယ်။ မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်တဲ့ မျိုးလှိုင်ဝင်း၊ တင်မောင်ထွန်းနဲ့ အေးနိုင်တို့ ကိုင်တွယ်နေတဲ့ Air Bagan အသင်းဟာ အခုပြိုင်ပွဲမှာ တာထွက်ကောင်းခဲ့ပြီး အသင်းကြီး ဘဏ္ဍာ/အခွန်ကို ယှဉ်ကစားနိုင်ဖို့အတွက် ပထမပိုင်းမှာ အေးနိုင်၊ ဒုတိယပိုင်းမှာ လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းတို့ ပါဝင်ကစားပြီး အသင်းကို အကောင်းဆုံး ထိန်းသွားခဲ့ပါတယ်။

လိုရာမရောက်

ဆက်သွယ်ရေးနဲ့ပွဲမှာ မပါဝင်ခဲ့တဲ့ တိုက်စစ်မှူးရန်ပိုင် ပြန်လည်ပါဝင်လာပြီး တိုက်စစ်မှာ ကျော်သူရနဲ့ တွဲကစားခဲ့ပါတယ်။ အသင်းခေါင်းဆောင် စိုးမြတ်မင်းကတော့ အရင်ပွဲတွေကလို တိုက်စစ်အထောင်မှာ မကစားဘဲ နောက်ချန်တိုက်စစ်မှူးအဖြစ် ကစားခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ပွဲစကတည်းက Air Bagan ဘက်ကို ဖိကစားနိုင်ခဲ့ပေမယ့် Air Bagan အသင်းရဲ့နည်းဗျူဟာနဲ့ လူထုတ်ပုံ မှန်ကန်တာကြောင့် အလုပ်သိပ်မဖြစ်ခဲ့ပါဘူး။ လက်ရွေးစင်ဟောင်း အေးနိုင်ဟာ ကွင်းလယ်ခံစစ်နေရာကနေ အကောင်းဆုံး ကစားနိုင်တာကြောင့် ဘဏ္ဍာ/အခွန်တိုက်စစ်ဟာ လိုရာမရောက်ခဲ့ပါဘူး။

ဘဏ္ဍာ/အခွန်တိုက်စစ်မှူးတွေ ဆန္ဒစောနေတာကလည်း ဂိုးရဖို့ခက်ခဲစေခဲ့တာ အမှန်ပါပဲ။ တိုက်စစ်မှူး ကျော်သူရရဲ့ ဂိုးသွင်းမှုနှစ်ကြိမ်ဟာ လူကျွံဘောဖြစ်နေလို့ ဂိုးမရခဲ့ဘဲ မိနစ်၃၀ကျော်မှာ အောင်ကျော်မိုးရဲ့ ဖြတ်တင်ဘောကို စိုးမြတ်မင်း ခေါင်းတိုက်သွင်းပေမယ့် Air Bagan ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့ပါတယ်။ Air Bagan အသင်းကတော့ တန်ပြန်တိုက်စစ်ဖြင့် အားပြုထိုးဖောက်ခဲ့ပြီး ထိုးဖောက်မှုအချို့က ဘဏ္ဍာ/အခွန် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။

ဂိုးစတင်ရရှိ

ပထမပိုင်းအပြီးမှာတော့ Air Bagan အသင်းဟာ အေးနိုင်အစား မျိုးလှိုင်ဝင်းကို ထည့်ပြီး ကစားပုံပြောင်းလဲလိုက်ပါတယ်။ မျိုးလှိုင်ဝင်း ဝင်တာကြောင့် Air Bagan တိုက်စစ်ပိုကောင်းလာပြီး ဘဏ္ဍာ/အခွန်ဘက်ကို ဖိအားပေးလာနိုင်ပါတယ်။ ၅၆မိနစ်မှာတော့ ညာခြမ်းက ထွန်းထွန်းနိုင် ကန်တင်ပေးတဲ့ဘောလုံးကို မျိုးလှိုင်ဝင်း ခေါင်းတိုက်ချပေးတာမှတစ်ဆင့် ကွင်းလယ်လူ တင်ဝင်းအောင်က ကန်သွင်းယူခဲ့လို့ Air Bagan ဂိုးစတင်ရရှိသွားပါတယ်။

Air Bagan တိုက်စစ်မှူး မျိုးလှိုင်ဝင်းနှင့် ဘဏ္ဍာ/အခွန် နောက်ခံလူ သူရအောင်တို့ ရင်ဆိုင်အတွေ့။

ခေါင်းတိုက်သွင်း

ဂိုးပေးလိုက်ရလို့ ဘဏ္ဍာ/အခွန် တိုက်စစ်အား ပြန်မြှင့်လာပါတယ်။ Air Bagan အသင်းကတော့ နောက်တန်းမှာ ခြောက်ယောက်၊ ခုနစ်ယောက်အထိ ဆင်းပိတ်ပြီး တန်ပြန်တိုက်စစ်နဲ့ပဲ ကစားခဲ့ပါတယ်။ ဝါရင့်ကစားသမား မျိုးလှိုင်ဝင်းကတော့ အပြေးအလွှားတွေ သိပ်မရပေမယ့် သမ္မာနဲ့ထိန်းပြီး Air Bagan အသင်း တိုက်စစ်နဲ့ကစားပုံကို ထိန်းကစားပေးခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ဘယ်ညာ နေရာစုံကနေ တိုက်စစ်ဆင်ပေမယ့် Air Bagan နောက်ခံလူတွေရဲ့ ကြံ့ကြံ့ခံ ဖျက်ထုတ်မှုကြောင့် စိတ်ကြိုက် ဂိုးသွင်းခွင့်တွေ မရခဲ့ပါဘူး။ ၈၆မိနစ်မှာ ကျော်သူရ အပိုင်ကန်ခွင့်ရရှိပေမယ့် ဂိုးဘား ထိထွက်သွားလို့ ဘဏ္ဍာ/အခွန်နစ်နာခဲ့ရပါတယ်။ Air Bagan အသင်းဟာ အနိုင်ကိုထိန်းဖို့အတွက် မျိုးလှိုင်ဝင်း တစ်ယောက်တည်း ရှေ့မှာနေပြီး ခံစစ်မှာ စုပြုံပိတ်ကစားခဲ့သလို ဘဏ္ဍာ/အခွန်အသင်းကတော့ ဂိုးသမားအောင်အောင်ဦး ပါရှေ့တက်ပြီး ဂိုးရဖို့ကြိုးစားခဲ့တာတွေ့ရပါတယ်။ မိနစ် ၉၀ပြည့်ပြီး နာကျင်အချိန်ပို ငါးမိနစ်မှာတော့ ဘဏ္ဍာ/အခွန်အသင်း ချေပဂိုး ပြန်လည်ရရှိခဲ့ပြီး စိုးလင်းထွန်းရဲ့ ကန်တင်ပေးမှုကို စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘဏ္ဍာ/အခွန် အသင်းကတော့ စိုးမြတ်မင်းရဲ့ နောက်ကျချေပဂိုးကြောင့် သရေတစ်မှတ်ရပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။ Air Bagan အသင်းကတော့ တစ်ပွဲကစား တစ်ပွဲသရေ တစ်မှတ်ရရှိထားပါတယ်။

သုဝဏ္ဏကွင်း

ပြည်ထဲရေး - လေးဂိုး။
ဆက်သွယ်ရေး - နှစ်ဂိုး။

စီးပွား/ကူးသန်းအသင်းကို အရေးနိမ့်ထားတဲ့ ပြည်ထဲရေးအသင်းကတော့ ဆက်သွယ်ရေးအသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲစတင်ရရှိသွားပါတယ်။ ဆက်သွယ်ရေးအသင်းကတော့ အသင်းကြီးတွေနဲ့ ဆက်တိုက်တွေ့ဆုံနေရပြီး ပထမပွဲမှာ ဘဏ္ဍာ/အခွန်၊ အခုပွဲမှာ ပြည်ထဲရေးတို့ကို နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ရပါတယ်။

ယနေ့ပွဲ (ညနေ ၃နာရီခွဲ)

အောင်ဆန်းကွင်း

ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း။

သုဝဏ္ဏကွင်း

မြန်မာ့မီးရထား-ပို့ဆောင်ရေး။

(မြန်မာ့အလင်း)

၁၉၉၄ခုနှစ်က ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သော ဘရာဇီးအသင်းမှ ဘောလုံးသမားများကို ဤသို့အမှတ်တရ....။
(အင်တာနက်ဓာတ်ပုံ)

၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သော ဘရာဇီးအသင်း လက်ရွေးစင်ဟောင်းများ မြန်မာနိုင်ငံသို့လာရောက်ကစားရန် စီစဉ်နေ

သတင်းမှတ်စု - မောင်ချစ်ကြည် —— စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားကိုဆွတ်ခူးရယူခဲ့သော ဘရာဇီးဘောလုံးအသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် လာမည့် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး လေဘေးရန်ပုံငွေ သရုပ်ပြဘောလုံးပွဲ တစ်ပွဲ ကစားရန်စီစဉ်နေကြောင်း သိရသည်။

လူမှုရေးရန်ပုံငွေ

၁၉၉၄ခုနှစ်က ကမ္ဘာ့ဖလားကိုရယူနိုင်ခဲ့သည့် ဘရာဇီးဘောလုံးအသင်းမှ လက်ရွေးစင်ဟောင်းများသည် ယခုအခါ အသက် ၃၀ကျော် ၄၀ နီးပါးရှိသူများဖြစ်ပြီး လူမှုရေးရန်ပုံငွေပွဲများကို နိုင်ငံအများအပြားသို့ လှည့်လည်ကစားနေသည့်အသင်းအဖြစ် ပြန်လည်ဖွဲ့စည်းထားကြောင်း သိရသည်။

သရုပ်ပြ

အစီအစဉ်အရ ဘရာဇီးလက်ရွေးစင်ဟောင်းအသင်းသည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မျိုးဆက်သစ် မြန်မာဘောလုံးသမားများအား သင်ကြားပြသပေးရန် စီစဉ်ထားပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် သရုပ်ပြပွဲကစားကြမည် ဖြစ်သည်။

၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားကိုရယူခဲ့သော ဘရာဇီးဘောလုံးအသင်းတွင် အသင်းခေါင်းဆောင် ဒွန်ဂါ၊ တာဖာရယ်၊ ကျော်ဂျင်ဟို၊ အယ်ဒေးရား၊ မာစီရိုဆန်တို့စ်၊ လီယိုနာဒို၊ ဆီးလ်ဗား၊ မာဇင်ဟို၊ ဇင်ဟို၊ ဘီဘီတိုနှင့် ရိုမာရီယိုတို့ ပါဝင်ကစားခဲ့ကြသည်။ အရန်ဘောလုံးသမားများအဖြစ် ဇက်တီ၊ ဂီလ်မာ၊ ကာဖူး၊ ရီကာဒိုရိုချာ၊ ရော်နယ်ဒို၊ ဘရန်ကို၊ ရိုင်၊ ဆာဂျီရို၊ မူလ်လာနှင့် ဗီရိုလာတို့ ပါဝင်ခဲ့ကြသည်။ ထိုစဉ်က ဘရာဇီးအသင်းနည်းပြမှာ ကားလို့စ်အယ်ဘာတိုပရဲရားဖြစ်ပြီး ယနေ့ နာမည်ကြီးနေသည့် ရော်နယ်ဒိုမှာ ထိုစဉ်က အသက်၁၇နှစ်မျှသာ ရှိသေးသည်။ ။ **(မြန်မာ့အလင်း)**

လူမှုဘဝဆိုင်ရာအတွေးအမြင် ဆောင်းပါးများစာအုပ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

အေးဖြူရေးသားသည့် လူမှုဘဝဆိုင်ရာအတွေးအမြင် ဆောင်းပါးများ စာအုပ်ကို ချိုတေးသံစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် သက်ဆိုင်သူသို့၊ အကောင်းမြင်ဝါဒ၊ အချိန်တန်ဖိုးတို့မြတ်နိုး၊ ကံဆိုး ကံကောင်း၊ အပြောင်းအလဲတွေထဲက မပြောင်းလဲတဲ့အကြောင်းအရာ၊ အလုပ်ခွင်အတွက် မရှိမဖြစ်အသင်းစိတ်ဓာတ်၊ မသိတာကို သိအောင်လုပ် မောင်းထုတ်အန္တရာယ်၊ ကလေးတို့ အမေး ဖြေပါမနေး၊ ဆယ်ကျော်သက်တို့ လိမ္မာဖို့အရေး၊ အတောင်စုံ၍ ပြန်တော့မည့်ငှက်များသို့၊ အမျိုးသမီးစွမ်းပကား မြင့်မြင့်မား၊ ကျန်းမာရေးအသိနှင့် လူများ၏ အမူအကျင့်၊ စိတ်နှလုံးအေးချမ်းစေဖို့၊ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာနှင့် နေညိုချိန်ဘဝလှစေဖို့ ဟူသည့် ဆောင်းပါး ၁၅ပုဒ်ပါရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်(၄၄)တွင် မြန်မာနိုင်ငံမှ ပဲတန်ချိန်တစ်သန်း အိန္ဒိယက ဝယ်မည်၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှ စေတီတော်ကြီး ပြီးစီးလုပြီ၊ အို---သင့်မြတ်ကြလော့ဂျာနယ်တွင် အတူတကွလုပ်ဆောင်ကြသည့် အစုရှယ်ယာဝင်တို့၊ အန္တရာယ်ရှိသော နို့မှုန့်များ ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းနေပြီ၊ ဓာတုဗေဒဆိုးဆေးများ၏ ခြိမ်းခြောက်မှုအန္တရာယ်၊ ကျပ်သိန်းပေါင်း ၄၀၀၀ကျော်ကုန်ကျခံမည့် မောင်တောကုန်စည်ဒိုင်၊ ထိုင်းမိုဘိုင်းလ်ဖုန်းကုမ္ပဏီမှ မြန်မာတေးသံများကို ဖုန်းခေါ်သံအဖြစ် ထည့်သွင်းပေးမည်၊ မြန်မာနိုင်ငံတွင် အိန္ဒိယက ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ နှစ်ရုံတည်ဆောက်မည်၊ နာဂစ်ကြောင့် မိဘမဲ့ကြောင်လေးကို ခွေးမလေးက နို့ချိုတိုက်ကျွေး၊ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ ခံတွင်း၊ အာခေါင်နှင့် လည်ချောင်းကင်ဆာ၊ ဒေါက်တာဦးစိုးလွင်၏ အတုကိုရှောင် အစစ်ကိုဆောင်၊ မြန်မာငှက်ဖျားတိုက်ဖျက်ရေးအတွက် ဂျပန်ငွေကြေးကူညီ၊ Bright Ruby သင်္ဘောအား ပြန်ပေးဆွဲထားသော ပြန်ပေးထံမှ တောင်းဆိုမှုတစ်စုံတစ်ရာမရရှိသေး၊ ဘင်္ဂလားဒေ့ရှ်က မြန်မာမှတစ်ဆင့် တရုတ်နိုင်ငံသို့ ကားလမ်းဆက်သွယ်ရန် စိတ်ဝင်စား၊ ရွှေလျားဓာတ်လှေကားတွင် နှစ်နှစ်သမီးလေး ခြေမညှပ်မိ၊ ရုရှားက ကီလိုမီတာ ၆၇၀၀ဝေးသော ပစ်ဖိတ်သမုဒ္ဒရာအတွင်းသို့ တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်ပစ်လွှတ်၊ ရုရှားက အီရန်သို့ အဆင့်မြင့်လေကြောင်းကာကွယ်ရေးစနစ်ရောင်းချ၊ ပါကစ္စတန်မြို့တော်ရှိ မဲရီယော့ဟိုတယ်တွင် ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ထရပ်ကားတစ်စီး ဗုံးပေါက်ကွဲ၊ အီရန်ဒုံးကျည်များက ပါရှန်ပင်လယ်ကွေ့ရှိ ပစ်မှတ်အားလုံးကို ဖျက်ဆီးပစ်နိုင်ကြောင်း အီရန်ပြောကြား၊ ဆီးရီးယားဆိပ်ကမ်းတွင် ရုရှားစစ်သင်္ဘော ၁၀စင်း လာရောက်ဆိုက်ကပ်ခဲ့၍ အစ္စရေးတုန်လှုပ်၊ ရေကြောင်းပိတ်ဆို့မှုကြောင့် အီရန်စစ်ပွဲဖြစ်လာမည်လော စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် **Biochemie Gmbh Austria** မှ ထုတ်လုပ်သော **Retarpen Injection (Benzathine Benzylpenicillin 1, 200, 000, IU** ထိုးဆေးကို အတုပြုလုပ်၍ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ဈေးကွက်မှရရှိသည့် **Retarpen** ထိုးဆေးအတု၏ ပုလင်းပုံစံ၊ အမှတ်တံဆိပ်နှင့် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မှာ အစစ်နှင့်တူညီသော်လည်း ပုလင်းဖုံးရှိ သတ္တုအပိတ် **(Aluminium Lid)** မှာ ဟနေပါကြောင်း **(Aluminium Lid-not intact)** တွေ့ရှိရပါသည်။

၃။ ဆေးဝါးအတု **Retarpen Injection** ကို ဓာတ်ခွဲစမ်းသပ်ရာတွင် ဆေးဝါးအာနိသင် "လုံး၀" (လုံး၀) မပါရှိပါကြောင်း စစ်ဆေးတွေ့ရှိရသည်။

၄။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း(လုံး၀)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေကို ဆိုက်ရောက်နိုင်ပါသည်။

၅။ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ ရောင်းချခြင်း လုံး၀မပြုပါရန်နှင့် စစ်ဆေးဖော်ထုတ်တွေ့ရှိရပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လယ်ယာလုပ်ငန်းခွင်ဝင် ကျွဲနွားများကြံ့ခိုင်သန်စွမ်းရေး လေဘေးသင့်ဒေသတစ်ခွင် ခရီးစဉ်မြင်ကွင်းများ

သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း မော်ကျွန်း-မြင့်အောင် (မြန်/ဆက်)

စာမျက်နှာဖွဲ့ စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးသီးနှံများအနက် ဆန်စပါးကို အဓိကအားထား စိုက်ပျိုးထုတ်လုပ်ကြသည်။ ဧရာဝတီတိုင်းသည် နိုင်ငံ၏ စပါးကျီ (ဝါ)ဆန်အိုးကြီးဖြစ်သည်။ စပါးစိုက်ပျိုးရေးတွင် အဓိကအရေးအပါဆုံးမှာ ကျွဲနွားဖြစ်သည်။ လယ်လုပ်ကိရိယာ ကျွဲနွားမရှိလျှင် စပါးစိုက်ပျိုး ထုတ်လုပ်မှု၏ အဓိကသော့ချက်ကို ထိခိုက်နိုင်သည်။ စပါးစိုက်ပျိုးရေးတွင် အရေးပါလှသော ကျွဲနွားများသည် မိရိုးဖလာ အစဉ်အဆက် ယနေ့တိုင် အရေးပါနေဆဲဖြစ်သည်။

လယ်ယာကဏ္ဍမျက်နှာစာ၏အဓိက အရေးပါသော နေရာတွင် နေရာယူထားသော ကျွဲနွားများသည် ရောဂါဘယကင်းစင်စွာဖြင့် ကျန်းမာသန်စွမ်းနေရန် လိုသည်။ လယ်ယာလုပ်ငန်းခွင်တွင် အင်ပြည့်အားပြည့် အလုပ်လုပ်နိုင်ဖို့ လိုသည်။ လုပ်ငန်းခွင် သာယာဖွံ့ဖြိုးတိုးတက်ပါလျှင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် မြင့်မားလာမည်ဖြစ်သည်။

ပျက်စီးခဲ့ရ

မေ၂ရက်က မုန်တိုင်းသည် ဧရာဝတီတိုင်း တစ်ခွင်တစ်ပြင် မုန်တိုင်းဆင်တိုက်ခိုက်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာ မြစ်ဝကျွန်းပေါ်ဒေသတွင် ပျက်စီးမှုများပြားခဲ့သည်။ အသက်အိုးအိမ် စည်းစိမ်များ၊

မော်လမြိုင်ကျွန်းမြို့နယ် သဲဖြူချောင်းကျေးရွာတွင် မြို့နယ်ဦးစီးအရာရှိ ဦးဝင်းကြည်က ကျွဲနွားကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခဲ့စဉ်။

သာသနိက အဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံမျိုးစုံ စိုက်ခင်းများနှင့် သစ်တောများ ပျက်စီးခဲ့ရသည်။ ဆုံးရှုံးမှုမှာ အထူးများပြားခဲ့သည်။

သေကျေပျက်စီး

ထိုအထဲတွင် လယ်ယာစိုက်ပျိုးရေးအတွက် အဓိကအရေးပါသောကျွဲနွားအချို့လည်း မုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးခဲ့ရသည်။ သို့သော်လည်း မုန်တိုင်းဒဏ်မှ ကင်းလွတ်ခဲ့သော အသက်ရှင်ကျန်ရစ်သည့် ကျွဲနွားများ ဆက်လက်အသက်ရှင် ရပ်တည်နိုင်ရေးသည် အရေးကြီးသည်။ ပြန်လည်ကျန်းမာသန်စွမ်းပြီး လယ်ယာ လုပ်ငန်းခွင်သို့ အမြန်ဝင်ရောက်နိုင်ရေးသည် အဓိကကျလာသည်။

အထူးအဖွဲ့များဖွဲ့စည်း

ထိုသို့ အသက်ရှင် ကျန်ရစ်သည့် ကျွဲနွားများ ဆက်လက်အသက်ရှင်ရေးနှင့် ကျန်းမာပြီး လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နိုင်ရေးတာဝန်ကို ထမ်းဆောင်မည့်သူတို့မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်သည်။ ဧရာဝတီတိုင်းတွင် မုန်တိုင်းဝင်ရောက်သည့် သတင်းရရှိလျှင်ရရှိချင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာပြည်တစ်ဝန်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများအား အထူးအဖွဲ့များ ဖွဲ့စည်းပြီး မုန်တိုင်းဝင်ရောက်ရာဒေသသို့ စေလွှတ်ခဲ့သည်။

မုန်တိုင်းသင့် ကျွဲနွားများအား ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းနှင့် ကျွဲနွားအာဟာရဖြည့်တင်းသည့်လုပ်ငန်းများကို တစ်ပေါင်းတည်း ဆောင်ရွက်ကြသည်။ တက်ညီလက်ညီ ရှိကြသည်။ ပင်ပန်းဆင်းရဲသည်ဟူ၍ သဘောမထား။ နေ့ရော ညပါ တာဝန်ထမ်းဆောင်ကြသည်။ တစ်ရွာဝင် တစ်ရွာထွက် ခရီးဆက်ကြသည်။

အချိန်မီပြန်လည်ဝင်ရောက်

ဤသို့ စုစည်းညီညွတ်မှု အားမာန်တို့ကြောင့် ဖျားနာနေသော ကျွဲနွားများ၊ အင်အားချည့်နဲ့နေသော ကျွဲနွားများသည် လဲနေရာမှ ထူလာသည်။ ထူရာမှမတ်လာသည်။ မတ်ရာမှ ကျန်းမာသန်စွမ်းခွန်အားတွေ ပြည့်စုံလာသည်။ အချိန်သည် မကြာလိုက်။ ရက်ပိုင်းမျှနှင့်ပင် ကျန်းကျန်းမာမာ ရှင်ရှင်လန်းလန်း ရှိလာကြသည်။ လယ်ယာလုပ်ငန်းခွင်သို့ အချိန်မီပြန်လည် ဝင်ရောက်နိုင်ခဲ့ကြသည်။

အခမဲ့ကျွေးမွေးစောင့်ရှောက်

မုန်တိုင်းသင့် တောင်သူလယ်သမားတို့မှာ အသက်ရှင်ကျန်ရစ်ခဲ့သည့် ကျွဲနွားများကို လက်လွှတ်အဆုံးရှုံးမခံနိုင်၊ ထပ်မံဖြည့်ဆည်းပေးသော ကျွဲနွားများနှင့်ပေါင်းစပ်ပြီး သူတို့လယ်ယာမြေကို သူတို့အချိန်မီ ပြီးစီးအောင် စိုက်ပျိုးကြမည်ဖြစ်သည်။ သို့သော်လည်း သူတို့ ကျေးဇူးတင်မဆုံးရှိနေသည်မှာ မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းများပင် ဖြစ်သည်။ အကြောင်းမူ မုန်တိုင်းဒဏ်မှ လွတ်မြောက်ခဲ့သော ဆက်လက်အသက်ရှင်ကျန်ရစ်ခဲ့သော ကျွဲနွားများ

“လုပ်အားအပြည့်အဝ မပေးနိုင်တဲ့ ချည့်နဲ့တဲ့ အင်အားတွေကို ပြန်လည်ဖြည့်တင်းဖို့အတွက် ကျွဲနွားအားဖြည့် အစာတောင့်အိတ်များကို တောင်သူလက်ဝယ်အရောက် အခမဲ့ပို့ဆောင်ပေးပါတယ်”

အထူးအဖွဲ့ခေါင်းဆောင်
ဒေါက်တာမောင်ကြန်။

ကို ရောဂါကြိုတင် ကာကွယ်ဆေးများနှင့် ကျွဲနွား အာဟာရဖြည့်တင်း အစားအစာများကို အခမဲ့ ကျွေးမွေးစောင့်ရှောက်ခဲ့သောကြောင့် ဖြစ်ပေသည်။

လိုက်ပါခွင့်ရ

ဤမြင်ကွင်းများကို ကြည့်ရှုခံစားလိုသော စာရေးသူသည် မော်လမြိုင်ကျွန်းမြို့နယ်သို့ တာဝန်ကျနေသော အထူးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကြန်၊ ဦးစီးအရာရှိ ဦးဝင်းကြည်တို့နှင့်အတူ ဇူလိုင်၁၆ရက်က ပထမ ခရီးစဉ်အဖြစ် မုန်တိုင်းဝင်ရောက်ခဲ့သော လေဘေးသင့် ဒေသတစ်ခွင်သို့ လိုက်ပါခွင့်ရခဲ့သည်။

ကွင်းလုံးပြည့်စိုက်ပျိုးပြီး

မလိခ ပွဲထောင်ရေယာဉ်သည် စာရေးသူတို့အဖွဲ့ကို သယ်ဆောင်ပြီး လေဘေးသင့် ကျွန်းချောင်းကျေးရွာသို့ စတင်ခရီးထွက်ခဲ့သည်။ ရေယာဉ်ပေါ်ပါသူအားလုံး ပြုံးပျော်လန်းဆန်းနေသည်။ ရောက်တတ်ရာရာ ကိုယ့်အတွေးနှင့်ကိုယ် ပတ်ဝန်းကျင်ကို ငေးမော ကြည့်ရှုနေမိကြသည်။ လမ်းတစ်လျှောက် လယ်ယာစိုက်ကွင်းများမှာ ကွင်းလုံးပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ တစ်နာရီခန့် ခုတ်မောင်းပြီးသောအခါ ကျွန်းချောင်းနယ်မြေထဲသို့ လှမ်းဝင်လာပြီဖြစ်သည်။ လှိုင်းခေါင်းဖြူ လှိုင်းလုံးများက စတင် မိတ်ဆက်နေသည်။ ရေယာဉ်ပေါ်ပါသူများ ငြိမ်ချက်သား ကောင်းလာသည်။ မကြာပါ ကျွန်းချောင်းရွာမထဲသို့ ချိုးဝင်မှ စိတ်မှာပြန်၍ လန်းဆန်းလာသည်။

“ဒေသမှာရှိတဲ့ မြက်၊ ကောက်ရိုးနဲ့ ရောနှောကျွေးမွေးဖို့ပါပဲ။ ကျွဲနွား တစ်ကောင်ကို တစ်နေ့ နို့ဆီဘူး နှစ်ဘူးနှုန်းနဲ့ ကျွေးမွေးနိုင်ပါတယ်”

ဦးဝင်းကြည်
ဦးစီးအရာရှိ၊ မွေး/ကုဦးစီးဌာန။

ကာကွယ်ဆေးထိုး

ကျွန်းချောင်း ရွာမတံတားထိပ်တွင် ကျွဲနွားကိုယ်စီဖြင့် တောင်သူလယ်သမားများက စာရေးသူတို့အဖွဲ့ကို ဆီးကြိုနှုတ်ဆက်နေသည်။ စာရေးသူတို့ အဖွဲ့လည်း ရောက်ရောက်ခြင်းပင် အချိန်မဆိုင်းဘဲ ကျွဲနွား ၁၈ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံပေးပြီး ကျွဲနွား ၂၇ကောင်အား ကျွဲနွားအားဆေး ထိုးနှံပေးလိုက်သည်။

ထိုအချိန်တွင် ကျွန်းချောင်းကျေးရွာသား ရပ်မိရပ်ဖ ဦးသိန်းမောင်က အခုလို စကားဆိုလာသည်။ **“ဆရာတို့အဖွဲ့တွေ အခုလို အရေးကြီးတဲ့အချိန်မှာ ကျွဲနွားတွေကို ကာကွယ်ဆေးတွေ၊ အားဆေးတွေ လာထိုးနှံပေးလို့ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် ပြောမပြနိုင်တော့ဘူး။ သိပ် ကျေးဇူးတင်ပါတယ်”** ဟု ကျေးဇူးစကား ဆိုပါသည်။

စာရေးသူတို့အဖွဲ့သည် ကျွန်းချောင်းမှသည် သံခနောက်ဆီသို့ ခရီးဆက်ကြသည်။ ပွဲထောင်ခရီးမဟုတ်ခြေကျင်ခရီးဖြစ်သည်။ သံခနောက်ကျေးရွာ ရောက်တော့ မွန်းလွဲ ၁နာရီရှိပြီဖြစ်သည်။ သံခနောက်တွင် မနားတော့ဘဲ လုပ်ငန်းခွင်ဝင်ကြသည်။ ကျွဲနွား ၃၈ကောင်အား ကျွဲနွားအားဆေး ထိုးနှံပေးပြီး တစ်ရွာဝင်တစ်ရွာထွက် ခရီးစဉ်အဖြစ် အုတ်ပုံကျွန်းဘိုးသို့ ခရီးဆက်ခဲ့ကြသည်။ အုတ်ပုံကျွန်းဘိုး ရောက်တော့ ညနေ၄နာရီရှိပြီ။ တောင်သူလယ်သမားတို့မှာ ကျွဲနွားကိုယ်စီဖြင့် စောင့်ကြိုနေကြသည်။

စာရေးသူတို့အဖွဲ့မနားပါ။ ဦးစီးအရာရှိ ဦးဝင်းကြည်က **“မောတယ်၊ ပင်ပန်းတယ်လို့ သဘောမထားကြနဲ့၊ ဒို့အဖွဲ့တွေ အလုပ်ပြီးမှနားကြမယ်၊ တာဝန်ဆက်ထမ်းကြရအောင်”** ဟု စကားဆိုပါသည်။ ကွင်းဆင်းအဖွဲ့နှစ်ဖွဲ့သည် ဆေးအိတ်ကိုယ်စီ ဖွင့်ပြီး ကုသရေး လုပ်ငန်းစတော့သည်။ ကျွဲနွား ၄၃ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံပေးကြသည်။ လုပ်ငန်းပြီးချိန်တွင် နေလုံးကွယ်ပျောက် မှောင်ရိပ်များပင် သန်းနေပြီ။ မိုးအအေးဓာတ်က စတင်မင်းမူစ ပြုနေပြီဖြစ်သည်။

အလူးအလဲခံရ

ဒုတိယခရီးစဉ်အဖြစ် ဇူလိုင်၁၈ရက် နံနက်၇နာရီတွင် ရောက်ချောင်း ကျေးရွာအုပ်စု ငွေဇင်ယော်ကျေးရွာသို့ ခရီးဆက်ကြသည်။ မလိခသည် သူ့တာဝန်အတိုင်း ဆက်လက်ထမ်းဆောင်သည်။ ငွေဇင်ယော်သည် မုန်တိုင်းဒဏ်အလူးအလဲ ခံစားခဲ့ရသော ကျေးရွာဖြစ်သည်။ ပြန်လည်ထူထောင်တည်ဆောက်နေသော မြင်ကွင်းသစ်များကိုလည်း တွေ့မြင်ခဲ့ရသည်။ ငွေဇင်ယော်ကျေးရွာတွင် ကျွဲနွား အကောင်၅၀အား ကျွဲနွားအားဆေး ထိုးနှံပေးပြီး ငွေဇင်ယော်တစ်ဖက်ကမ်း မြစ်တိုကျေးရွာသို့ ခရီးဆက်ကြသည်။ မြင်ကွင်းများမှာ ကျေးရွာတစ်ရွာနှင့်တစ်ရွာ မတူကွဲပြားကြသည်။ ရေမြေသဘာဝချင်း မတူညီကြပါ။

မြစ်တိုကျေးရွာက ရွာပိုင်းကြီးဖြစ်သည်။ အညာဆန်သည်။ မြစ်တိုသားတို့မှာလည်း ငွေဇင်ယော်နှင့်မတူ စကားပြောပုံခြင်း ကွာခြားသည်။ မြစ်တိုကျေးရွာတွင် ကျွဲနွား ၄၂ကောင်အား ကျွဲနွားအားဆေး ထိုးနှံပေးကြသည်။ ဆက်လက်ပြီး မြစ်တိုကျေးရွာတွင် ကျွဲနွား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေး ဟောပြောပွဲ ကျင်းပခဲ့သည်။ ဒေသခံတောင်သူလယ်သမားများစုံညီစွာ တက်ရောက်ကြသည်။ အချို့က မှတ်စုကိုယ်စီဖြင့် မှတ်သားကြသည်။

မလိခသည် စာရေးသူတို့အဖွဲ့ကို သယ်ဆောင်ပြီး မြစ်တိုမှသည် မဘောဆီသို့ ခရီးဆက်ကြသည်။ ညနေ ၃နာရီတွင် မဘောကျေးရွာသို့ ရောက်ရှိကြသည်။ မဘောကား နယ်မြေကျယ်ဝန်းသည်။ စီးပွားဖွံ့ဖြိုးသည်။ မုန်တိုင်းဒဏ် ခံစားခဲ့ရသော်လည်း ပြန်လည်ရုန်းထနိုင်ခဲ့သည်။ မဘောရွာမတွင် ကျွဲနွား ၂၆ ကောင်အား ကျွဲနွားအားဆေး ထိုးနှံပေးခဲ့ကြသည်။

တတိယခရီးစဉ်အဖြစ် ဇူလိုင်၂၅ ရက် နံနက်စနာရီက လေဘေးသင့် တယ်ချောင်း ကျေးရွာအုပ်စု တယ်ချောင်း၊ သဲဖြူချောင်းနှင့် ရေကျော်ကြီးကျေးရွာများသို့ ခရီးဆက်ခဲ့ကြသည်။ တယ်ချောင်းကျေးရွာ အုပ်စုသည် မော်လမြိုင်ကျွန်းမြို့နှင့် ရေမြေဆက်စပ် တည်ရှိနေသဖြင့် စက်ဘီးကိုယ်စီဖြင့် ခရီးဆက်ကြသည်။ ကျေးရွာသားတို့က စုရပ်တို့တွင် ကျွဲနွားကိုယ်စီဖြင့် ကြိုတင်စောင့်ဆိုင်းနေကြသည်။ ယင်းကျေးရွာ သုံးရွာတွင် ကျွဲနွား ၃၄ကောင်အား အထွေထွေရောဂါဆေးကုသပေးပြီး ကျွဲနွားအကောင် ၁၉၀ အား လည်ချောင်းကွဲရောဂါ ကာကွယ် ဆေးထိုးနှံ ကုသပေးကြသည်။

စာရေးသူလည်းအချိန်ရခိုက် တယ်ချောင်းကျေးရွာ တာလမ်းမကြီးပေါ်တွင် အထူးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကြန်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

“ကျွန်တော်တို့အဖွဲ့ကတော့မုန်တိုင်းဒဏ်သင့်လို့ ကိုယ်ခံစွမ်းအားစနစ်ကျဆင်းသွားပြီး အထွေထွေ အားနည်းရောဂါ၊ လုပ်အားအပြည့်အဝမပေးနိုင်တဲ့ ချည့်နဲ့တဲ့အင်အားတွေကို ပြန်လည် ဖြည့်ဆည်းဖို့အတွက် ကျွဲနွားအားဖြည့် အစာတောင့်အိတ်များကိုလည်း တောင်သူများ လက်ဝယ်အရောက် အခမဲ့ပို့ဆောင်ပေးတဲ့ အပြင် ကျွဲနွား ကာကွယ်ဆေးနဲ့ ကျွဲနွားအားဆေးတွေလည်း ထိုးနှံပေးပါတယ်။ ဒီဆေးတွေရဲ့ အစွမ်းကတော့ ရက်ပိုင်းအတွင်းမှာ ပြန်လည်နာလန်ထူပြီး တစ်နေ့တခြား ကျန်းမာဝဖြိုးလာစေပါတယ်။ သိပ်စွမ်းတဲ့ ဆေးတွေပါပဲ” ဟု ရှင်းလင်းပြောပြသည်။

ဆက်လက်ပြီး ဦးစီးအရာရှိ ဦးဝင်းကြည်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ သူ၏ ပြောပြချက်ထဲတွင် တောင်သူလယ်သမားများအတွက် အရေးကြီးသည့် အားဖြည့် အစာတောင့်အကြောင်း သိကောင်းစရာများပါသည်။ တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အကျိုးများသည့် အကြောင်းအချက်များ ပါဝင်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာမှ ကျွဲနွားများအား အထူးအဖွဲ့မှ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံ ကုသပေးနေစဉ်။

“ကျွန်တော်ပြောပြချင်တာကတော့ လေဘေးသင့် ကျွဲနွားအားဖြည့် အစာတောင့်ကို ကျွေးမွေးပုံ ကျွေးမွေးနည်းပါပဲ။ လွယ်လွယ်လေးပါ။ ဒေသမှာရှိတဲ့မြက်၊ ကောက်ရိုးနဲ့ ရောနှောကျွေးမွေးဖို့ပဲဖြစ်ပါတယ်။ ကျွဲနွားတစ်ကောင်ကို တစ်နေ့နို့ဆီဘူး နှစ်ဘူးနှုန်းနဲ့ ကျွေးမွေးနိုင်ပါတယ်။ အာဟာရ ပါဝင်မှုနှုန်းကတော့ အသားဓာတ် ၁၄ရာခိုင်နှုန်း၊ အဆီဓာတ် ၂ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂၅ရာခိုင်နှုန်းနဲ့ စိုထိုင်းဆ ၁၃ရာခိုင်နှုန်း ပါဝင်ပါတယ်။ အဲဒီလေဘေးသင့် ကျွဲနွားအားဖြည့် အစာတောင့်ကို ကမ္ဘာ့တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WSPA) က လှူဒါန်းတာဖြစ်ပါတယ်” ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

စာရေးသူတို့အဖွဲ့၏ လေဘေးသင့် ဒေသတစ်ခွင် ခရီးစဉ်မြင်ကွင်းများသည် လေဘေးသင့် ကျွဲနွားများအတွက် ထိရောက်သော အတိုင်းအတာ တစ်ခုအထိ အကျိုးပြုသည်သာမက မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေး မျက်နှာစာတွင် လယ်ယာကဏ္ဍအောင်ပွဲသစ်များ ဆင့်ကဲဆင့်ကဲ ရရှိမည်သာဖြစ်ပါကြောင်းရေးသားဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် နတ်မင်းကြီးကျေးရွာတွင် ကွင်းလုံးပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သော စပါးစိုက်ခင်းများကို ဤသို့ တွေ့ရသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကာလင်းဖလား တတိယအကျော့ပွဲစဉ်များ ယနေ့ညပိုင်း ယှဉ်ပြိုင်ကစားကြမည်

လန်ဒန် စက်တင်ဘာ ၂၂

ယခုသီတင်းပတ် ပရီမီယာလိဂ် ပွဲစဉ်များအပြီး ယှဉ်ပြိုင်ကစားမည့် စိတ်ဝင်စားဖွယ် ဘောလုံးပြိုင်ပွဲတစ်ရပ်မှာ ကာလင်းဖလား တတိယအကျော့ ပြိုင်ပွဲများ ဖြစ်သည်။

ရင်ဆိုင်

ကာလင်းဖလား တတိယအကျော့ပြိုင်ပွဲများကို စက်တင်ဘာ ၂၃ရက် **(ယနေ့ည)**တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နာမည်ကြီး အာဆင်နယ်အသင်းသည် ရှက်ဖီးအသင်းနှင့် ကစားရမည် ဖြစ်သည်။ လီဗာပူးက ခရူဝီအသင်းနှင့် တွေ့မည်ဖြစ်သည်။ ဖာဂူဆန်၏ မန်ယူအသင်းက မစ်ဒယ်ဘရော့နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစား

ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေသည့် ပို့စ်မောက်အသင်းကလည်း အသင်းကြီးဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် စက်တင်ဘာ ၂၄ရက်တွင် ကစားရမည် ဖြစ်သည်။ ကာလင်းဖလား တတိယအကျော့ ပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားကြမည့် အခြားပွဲများမှာ ဘန်တလေနှင့် ဖူလ်ဟမ်၊ ရှောသင်ဟမ်နှင့် ဆောက်သမ်တန်၊ စတုတ်နှင့် ရက်ဒင်း၊ ဆန်းဒါးလန်းနှင့် နော်သင်ပတန်၊ ဝက်စ်ဖို့ဒ်နှင့် ဝက်စ်ဟမ်း၊ အက်စ်တွန်ဗီလာနှင့် ကျူပီအာရ်၊ ဘလက်ဘန်းနှင့် အဲဗာတန်၊ ဘရိုက်တန်နှင့် မန်စီးတီး၊ အစ်ဆွစ်နှင့် ဝီဂန်၊ နယူးကာဆယ်နှင့် တော့တင်ဟမ်တို့ ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးအသင်းနည်းပြစကိုလာရီ မန်ယူမှစီရိုနယ်ဒိုအားခေါ်ယူလိုဟုဆို

လန်ဒန် စက်တင်ဘာ ၂၂

ချယ်လ်ဆီးနည်းပြစကိုလာရီက ၎င်းအနေဖြင့် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား စာချုပ်ချုပ်ဆို ခေါ်ယူလိုသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

နောက်လာမည့်ဘောလုံးရာသီတွင် စီရိုနယ်ဒိုနှင့်အတူ လက်တွဲဖွယ်ရှိကြောင်း၊ စီရိုနယ်ဒိုသည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့လိုပါက မိမိအနေဖြင့် အမြဲတမ်းတံခါးဖွင့်ထားကြောင်း ချယ်လ်ဆီးအသင်းအား မကိုင်တွယ်မီက ပေါ်တူဂီလက်ရွေးစင်အသင်းတွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ စကိုလာရီက ပြောကြားခဲ့သည်။

စကိုလာရီသည် ပြီးခဲ့သည့် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ပေါ်တူဂီအသင်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။

(အင်တာနက်)

ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အမေရိကန်ဗိုလ်စွဲ

နယူးယောက် စက်တင်ဘာ ၂၂

(၃၇)ကြိမ်မြောက် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၁၉ရက်မှ ၂၁ရက်အထိ ယှဉ်ပြိုင်ကစားခဲ့သည်။

ဆွတ်ခူး

အဆိုပါ ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးအသင်းက ဥရောပဂေါက်သီးအားကစားအသင်းကို ၁၆မှတ်ခွဲ-၁၁မှတ်ခွဲဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးသွားသည်။

အမေရိကန်အသင်းသည် အဆိုပါ ရိုက်ဒါဖလားကြီးကို ၁၉၉၁ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ပိုင်းက ဥရောပဂေါက်သီးအသင်းက အမေရိကန်ဂေါက်သီးအသင်းကို အနိုင်ရပြီး ဗိုလ်စွဲနိုင်ခဲ့သည်။

အမေရိကန်ဂေါက်သီးအသင်းတွင် ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်

ဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားပေးနိုင်ခဲ့ခြင်း မရှိပေ။ သို့သော် အမေရိကန်အသင်းကို ပေါလ်အဇင်ဂျာဦးဆောင်၍ ယှဉ်ပြိုင်ကစားခဲ့သည်။

အနိုင်ရ

အမေရိကန်အသင်းမှ နာမည်ကြီး ဂေါက်သီးကစားသမား ဂျင်ဖူရစ်က ဥရောပဂေါက်သီး ကစားသမား မီဂဲလ်အိန်ဂျယ် ဂျင်မီနက်ကို အနိုင်ရပြီးနောက် ၁၄မှတ်ခွဲရရှိလိုက်သဖြင့် ဖလားဆွတ်ခူးရန် အလားအလာပိုကောင်းသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘာရာဇီးနှင့် မန်စီးတီးတိုက်စစ်မှူးရော်ဘင်ဟို ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်စွာခြေစွမ်းပြ

လန်ဒန် စက်တင်ဘာ ၂၂

မန်စီးတီးအသင်းသည် စက်တင်ဘာ၂၁ရက်က အိမ်ကွင်း၌ ပို့စ်မောက်အသင်းအား ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူလိုက်ပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်သော ခြေစွမ်းခြေစ ရှိကြောင်း ပြသလိုက်သည်။

မန်စီးတီးအသင်းအား စက်တင်ဘာ၂၃ရက်(ယနေ့)တွင် အာဘူဒါဘီစီးပွားရေး လုပ်ငန်းစုပိုင်ရှင် အာရပ်မီလျံနာများက တရားဝင်လွှဲပြောင်းရယူမည်ဖြစ်သည်။

ခြေစွမ်းပြကစား

မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် ရီးရဲမက်ဒရစ်အသင်းမှ မန်စီးတီးအသင်းသို့ ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်၃၂ဒသမ၅သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ရင်သပ်ရှုမောဖွယ်ရာ ဘောလုံးရသနှင့်အတူ ပေးရသည့်ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်ကြောင်း ခြေစွမ်းပြကစားခဲ့သည်။ ။ (အင်တာနက်)

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်စုစည်းသည်

လက်ရှိချန်ပီယံမန်ယူနှင့် ချန်ပီယံလိဂ်ဖလား

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၂၂

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်ဘောလုံးရာသီရဲ့ အုပ်စုအဖွင့်ပွဲစဉ်တွေ ကစားပြီးခဲ့ပြီ ဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲဝင်အသင်းတိုင်းဟာ လူအင်အား ဖြည့်ဆည်းမှုတွေနဲ့အတူ ပြင်ဆင်မှုကောင်းကောင်းနဲ့ ချန်ပီယံလိဂ်သရဖူလုပွဲ ကြိုးဝိုင်းပေါ်တက်ရောက်လာခဲ့ကြတာမို့ လက်ရှိချန်ပီယံ မန်ယူတို့ ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလား ကာကွယ်နိုင်မှု ရှိ၊ မရှိဆိုတာ စိတ်ဝင်စားစရာဖြစ်လာပါတယ်။ ဒါကြောင့် လက်ရှိချန်ပီယံ မန်ယူတို့ ချန်ပီယံလိဂ်ဖလား ကာကွယ်နိုင်မှု ရှိ၊ မရှိကို လေ့လာသုံးသပ်ကြည့်တဲ့အခါ....။

ခရီးကြမ်း

မန်ယူဟာ ဒီနှစ်မှာ ဝယ်ယူခဲ့တဲ့ ဘောလုံးသမားဆိုလို့ လက်ညှိုးထိုးပြစရာ ဘာဘာတော့ဗ် တစ်ဦးတည်းရှိခဲ့ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်မှာ ဗီလာရီးရဲကို အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ သရေပွဲရလဒ်နဲ့ ချန်ပီယံလိဂ်ဖလား ကာကွယ်ရေးခရီးကြမ်းကို စတင်ခဲ့ပြီဖြစ်ပါတယ်။

ရှန်းကန်

ဒါ့အပြင် ပရီမီယာလိဂ်ရဲ့ ရာသီအစပွဲစဉ်တွေမှာလည်း အားရစရာခြေစွမ်းမျိုး၊ ချန်ပီယံခြေစွမ်းမျိုး တစ်ပွဲမှမပြနိုင်သေးဘူးလို့ ဆိုပါတယ်။ အသစ်ဝယ်ယူထားတဲ့ တိုက်စစ်မှူး ဘာဘာတော့ဗ်ကလည်း အခုထိတစ်ဂိုးမျှ မသွင်းယူနိုင်သေးတဲ့အပြင် မန်ယူတိုက်စစ်မှာ အသားကျဖို့အတွက် ရှန်းကန်နေရဆဲပါပဲ။

ဒီလိုစိတ်တိုင်းမကျသေးတဲ့ မန်ယူရဲ့ကစားမှုနဲ့ ပွဲရလဒ်တွေကြောင့် ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ဖလားတွေကို ကာကွယ်နိုင်လိမ့်မယ် မထင်ဘူးလို့ ဥရောပဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်နေကြပါတယ်။

ဒါပေမယ့် အင်္ဂလန်နိုင်ငံရဲ့ နာမည်ကျော် အားကစားဆောင်းပါးရှင် နာဘီလ်ဟာဆန်ကတော့ မန်ယူဟာ ဒီနှစ်ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်လိမ့်မယ်လို့ ကြိုတင်သုံးသပ်ရေးသားလိုက်ပါတယ်။ နာဘီလ်ဟာဆန်က မန်ယူ ဘာကြောင့်ချန်ပီယံလိဂ်ဖလား ကာကွယ်နိုင်မယ်ဆိုတာ သမိုင်းနဲ့ ထင်ဟပ်ပြီး ရေးသားဖော်ပြခဲ့တဲ့ ဆောင်းပါးထဲမှာ ချန်ပီယံလိဂ်သမိုင်းကြောင်းမှာ ဖလားရယူနိုင်ခဲ့တဲ့အသင်းတွေရဲ့ အောင်မြင်မှုကိုကြည့်ရင် ဒီလိုတွေ့ရပါတယ်တဲ့။

နှစ်နှစ်ဆက်တိုက်ရယူ

ရီးရဲမက်ဒရစ်အသင်းဟာ ၁၉၅၅-၁၉၅၆ခုနှစ် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဖလားရရှိခဲ့သလို ၁၉၅၆-၁၉၅၇၊ ၁၉၅၇- ၁၉၅၈၊ ၁၉၅၈-၁၉၅၉နဲ့ ၁၉၅၉- ၁၉၆၀ ပြည့်နှစ်တွေမှာ ဆက်တိုက် ဆုဖလားကိုရယူကာကွယ်နိုင်ခဲ့တယ်။ အဲဒီလိုပဲ ၁၉၆၀-၁၉၆၁ခုနှစ်နဲ့ ၁၉၆၁- ၁၉၆၂ခုနှစ်တွေမှာ ဘင်ဖီကာအသင်းက ချန်ပီယံဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်ခဲ့တယ်။

ကာကွယ်နိုင်ခဲ့

ဒါ့အပြင် အင်တာမီလန်အသင်းဟာ ၁၉၆၃-၁၉၆၄ နဲ့ ၁၉၆၄-၁၉၆၅ခုနှစ်တွေမှာ ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့သလို အေဂျက်စ်အသင်းကလည်း ၁၉၇၀-၁၉၇၁ခုနှစ်နဲ့ ၁၉၇၁-၁၉၇၂ခုနှစ်၊ ၁၉၇၂- ၁၉၇၃ခုနှစ်တွေမှာပါ ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ရယူကာကွယ်နိုင်ခဲ့တယ်။ ဒီလိုပဲ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ဖလားကို ၁၉၇၃-၁၉၇၄ ခုနှစ်၊ ၁၉၇၄-၁၉၇၅ခုနှစ်နဲ့ ၁၉၇၅-၁၉၇၆ခုနှစ်တွေမှာ ဆက်တိုက်ချန်ပီယံလိဂ် ဆုဖလားကို ရရှိအောင်ကြိုးစားခဲ့တယ်။

ဆက်တိုက်ရယူနိုင်ခဲ့

ဒါ့အပြင် လီဗာပူးအသင်းကလည်း ၁၉၇၆-၁၉၇၇ခုနှစ်နဲ့ ၁၉၇၇-၇၈ခုနှစ်တွေမှာ ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ကာကွယ်ရယူနိုင်ခဲ့ပြီး ၁၉၇၈-၁၉၇၉နဲ့ ၁၉၇၉-၁၉၈၀ပြည့်နှစ်တွေမှာ နှစ်နှစ်ဆက်တိုက် နော့တင်ဟမ်ဖောရက်အသင်းက ရယူနိုင်ခဲ့တယ်။ နောက်ပြီး အေစီမီလန်အသင်းကလည်း ၁၉၈၈-၁၉၈၉နဲ့ ၁၉၈၉-၁၉၉၀ပြည့်နှစ်မှာ ချန်ပီယံလိဂ်ဖလားကို ဆက်တိုက်ရယူနိုင်ခဲ့တာမို့ ဒီလိုအစဉ်အလာတွေရှိခဲ့တဲ့ ချန်ပီယံလိဂ်ဖလားဟာ ဒီနှစ်မှာ လက်ရှိချန်ပီယံမန်ယူတို့ ထပ်မံရယူနိုင်လိမ့်မယ်လို့ နာဘီလ်ဟာဆန်က သုံးသပ်ရေးသားထားပါတယ်။

ဆုဖလားကိုင်မြှောက်

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဖလား ရရှိခဲ့သော မန်ယူအသင်းမှ တောင်ပံကစားသမားစီရိုနယ်ဒို ဆုဖလားအား ဤသို့ ကိုင်မြှောက် အောင်ပွဲခံခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဒါပေမယ့် ၁၉၉၉ခုနှစ်မှာ မန်ယူတို့ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီး နောက်နှစ်မှာ ဘာဖြစ်လို့ ချန်ပီယံလိဂ်ဖလားကို မကာကွယ်နိုင်ခဲ့တာလဲဆိုတာကတော့ အဲဒီနှစ်မှာ မန်ယူဟာ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်လောက်တဲ့ အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားနည်းပါးခဲ့လို့ ဖြစ်ကြောင်း နာဘီလ်ဟာဆန်က ထောက်ပြခဲ့ပါတယ်။

ရေးသားထား

မန်ယူအသင်း ဒီနှစ်ကစားသမားတွေထဲမှာ လက်ရှိ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်ဖို့အတွက် စီရိုနယ်ဒို၊ ဘာဘာတော့ဗ်၊ ရွန်နေ၊ တီဗက်ဇ် တို့လို တိုက်စစ်မှူးကောင်းတွေ ပိုင်ဆိုင်ထားပါတယ်။ လောလောဆယ်မှာ တိုက်စစ်အထိုင်မကျသေးတဲ့အပြင် စီရိုနယ်ဒိုကလည်း စွမ်းအားပြည့် မကစားနိုင်သေးတာမို့ မန်ယူအပေါ် ဖလားကာကွယ်ရေး သံသယတွေဖြစ်နေကြပေမယ့် ဒါဟာ ယာယီအခိုက်အတန့်သာဖြစ်တဲ့အကြောင်း သူက ရေးသားထားပါတယ်။

သက်သေပြ

ဒီနှစ်မှာ ဖာဂူဆန်အနေနဲ့ ဘာဘာတော့ဗ်ကို ရအောင်ခေါ်ယူလိုက်တာဟာ ဖလားကာကွယ်ဖို့ အကောင်းဆုံးလုပ်ရပ်ဖြစ်ပြီး လောလောဆယ် မသိသာသေးပေမယ့် ပွဲတွေများလာတဲ့အခါ အဲဒီအကျိုးရလဒ်ကို ခံစားရပါလိမ့်မယ်လို့သူက ဆိုပါတယ်။ အခုပွဲတွေကစားပြီးတဲ့အချိန်မှာ ဘာဘာတော့ဗ် ဂိုးမသွင်းနိုင်သေးပေမယ့် သူဖန်တီးပေးလို့ရတဲ့ ဂိုးသွင်းခွင့် အခွင့်အရေးတွေနဲ့ မန်ယူတို့ရခဲ့တဲ့ဂိုးတွေက သက်သေပြနေပါတယ်လို့လည်း ရေးသားထားပါတယ်။

ဖော်ပြ

နောက်ပြီး မန်ယူမှာ ရှေ့တန်းက လူငယ်တွေကိုထိန်းပေးဖို့ ခြေစွမ်းထက်ဆဲ ဝါရင့်သမ္ဘာရင့် ဘောလုံးသမားတွေဖြစ်တဲ့ ပေါလ်စခိုး၊ ဂစ်နဲ့ နဗီးလ်တို့ရှိနေတဲ့အပြင် ထူးထူးခြားခြား နှစ်ပေါင်းများစွာ မန်ယူအသင်းကို နည်းပြအဖြစ်တာဝန်ယူနေတဲ့ ဖာဂူဆန်လိုပုဂ္ဂိုလ်မျိုးလည်းရှိနေတာမို့ ချန်ပီယံလိဂ်ဖလားကို ကာကွယ်နိုင်ဖို့ လုံလောက်တဲ့အင်အားတွေ ဖြစ်တယ်ဆိုတဲ့အကြောင်း နာဘီလ်ဟာဆန်က သုံးသပ်ရေးသားထားပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

ကိုးကား-အင်တာနက်သတင်းများ

၁၉၉၉ခုနှစ်က ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးခဲ့သော မန်ယူအသင်းအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သထုံမြို့ ဝါးပါးဆည်အတွင်း ငါးမျိုးများစိုက်ထည့်

သထုံ စက်တင်ဘာ ၁၄

သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် သထုံမြို့ ဝါးပါးဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပွဲကို ဩဂုတ် ၂၀ရက်က ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌရဲမှူးသိန်းသန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဝါးပါးဆည်အတွင်းသို့ ငါးမြစ်ချင်း(ငါးသန်)ကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေငါးသောင်း၊ ငါးခုံးမကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

သီပေါ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

သီပေါ စက်တင်ဘာ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၁၃ရက် နံနက် ၉နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်း၍ အသင်းဝင်နှစ်ဦးက အကြံပြုဆွေးနွေးကြပြီး အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၅၀နှင့် အလှူငွေကျပ် ၅၀၀၀၀ကို မြို့နယ်ပညာရေးမှူး ဦးသန်းဆွေထံ ပေးအပ်လှူဒါန်းသည်။

ချီးမြှင့်

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် လေဘေးသင့်ရာတွင် သွားရောက်ကူညီဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ဂုဏ်ပြုဆုပစ္စည်းနှင့် ဂုဏ်ပြုလွှာများကို ပြည်နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းသာယာလှပရေးအတွက် ပန်းအလှပင်များ မြေချစိုက်ပျိုးဆောင်ရွက်မှုကို ဩဂုတ် ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ထင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့ စည်ပင်သာယာဈေး သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

တောင်ကုတ် စက်တင်ဘာ ၁၂

တောင်ကုတ်မြို့နယ် စည်ပင်သာယာဈေး သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီက အဆိုပါဈေးအတွင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကောင်းမြတ် ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

စုပေါင်းသန့်ရှင်း

အဆိုပါ စုပေါင်းသန့်ရှင်းရေးပွဲသို့ တောင်ကုတ်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူ ဈေးသားများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဖုံး၊သွန်၊လဲ၊စစ်ဆောင်ရွက်

အင်းတော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် ပုန်းဟုန်အုပ်စု စီပိန်းကျေးရွာတွင် ဩဂုတ် ၂၇ ရက်က သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်မှုတွင် စီပိန်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံကျန်းမာရေးတာဝန်ခံ သားဖွားဆရာမ ဒေါ်လှလှနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များစုပေါင်းကာ တစ်အိမ်တက်ဆင်းလှည့်လည်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။ (ဝ၃ဝ)

ကလေးမြို့နယ် နန်းဇလူအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ကလေး စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နန်းဇလူကျေးရွာ အခြေခံပညာမူလတန်းကျောင်း စကားဝါကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရင်တို့က ကျောင်းဆောင်သစ်ဖွင့်ပွဲ ဆိုင်းဘုတ်မှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စကားဝါကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်ဆိုင်ရာ အချက်အလက်မှတ်တမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အုတ်နံကပ်တစ်ထပ်ဆောင်သွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၂၆၈သိန်းအကုန်အကျခံ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ဆည်ကြီးတောကျေးရွာ၌ တူးဖော်ပြီးစီးသော စက်ရေတွင်းရေရရှိမှုကို ဩဂုတ် ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းမင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

တောင်ကြီး စက်တင်ဘာ ၁၂

၂၀၀၈ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရွှေညောင်(က)ဘောလုံးအသင်းနှင့် လမ်းမတော်ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေညောင်(က) အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယရရှိသောအသင်းများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု၊ နေရာအလိုက် အကောင်းဆုံးဆုနှင့် အသန့်ရှင်းဆုံးဆုရ လမ်းမတော်ရပ်ကွက်အသင်းတို့အား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးသက်ထွန်း၊ မြို့နယ်အတွင်းရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်ဘောလုံးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညွန့်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အနိုင်ရဗိုလ်စွဲသွားသော ရွှေညောင်(က) ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာက ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြို့နယ် အား/ကာ)**

ဝါးခယ်မမြို့နယ် ကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများနှင့်ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြသိန်းတန်ရပ်ကွက်၌ ဩဂုတ် ၈ ရက်က ကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ပူးပေါင်းဆောင်ရွက်မှုကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်၊ HIV/AIDS တိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်အေးအေးညွှန့်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းဆွေတို့ ကြီးကြပ်ပေးစဉ်။ (ကျန်းမာရေး)

စမ်းချောင်းမြို့နယ် ပြန်/ဆက် ဦးစီးဌာန နံရံကပ်စာစောင်နှင့် ဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အထက(၄)စမ်းချောင်း တော်ဝင်ခန်းမ၌ စက်တင်ဘာ ၁၁ရက်ကကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စာအုပ်များကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

23-9 (15).pmd 1 9/24/2008, 3:01 AM

မင်းလှမြို့နယ်၌ စာကြည့်တိုက်ပညာ သင်တန်းဆင်း

မင်းလှ စက်တင်ဘာ ၁၂

သာယာဝတီခရိုင် မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်မှူးများ ဆင့်ပွားပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဆင်းပွဲကို စက်တင်ဘာ၁ရက် နံနက်၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းတင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌက ပေးအပ်ပြီး**(အပေါ်ပုံ)** သင်တန်းသားများကိုယ်စား လပ်ပံရေကျော်ကျေးရွာ စာကြည့်တိုက်မှူး ဦးတင်ဝင်းနိုင်နှင့် ရှားကျောကွင်း ကျေးရွာစာကြည့်တိုက်မှူး ဦးဝင်းခင်တို့က လက်ခံရယူသည်။ အဆိုပါ သင်တန်းသို့ ကျေးရွာအုပ်စုမှ စာရေးဝန်ထမ်း ၅၅ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံတိုင်းရင်းဆေး နည်းပြသင်တန်းဖွင့်

လှိုင်ကော် စက်တင်ဘာ ၁၀

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အိမ်ရှင်မများအတွက် အခြေခံတိုင်းရင်းဆေးနည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ သင်တန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းအတွက် လိုအပ်သော သင်ထောက်ကူ စာအုပ်များ ထောက်ပံ့ပေးအပ်သည်။

တက်ရောက်

အဆိုပါသင်တန်းကို ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ပြည်နယ်တိုင်းရင်းဆေး ဦးစီးဌာနမှ သင်တန်းဆရာလေးဦးက သင်ကြားပို့ချရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် သင်တန်းသူ ၂၅ဦး တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဇေယျာမွန်ရပ်ကွက် စကားဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်များ စုဆောင်းထားရှိကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရေဦးမြို့၌ ရှေးဦးသူနာပြု ဟောပြောပွဲနှင့် စွမ်းရည်ပြသ

ရေဦး စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဂုဏ်ပြုဟောပြောပွဲနှင့် စွမ်းရည်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက ကြက်ခြေနီအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး မောင်မောင်ဆွေနှင့်အဖွဲ့က ရှေးဦးသူနာပြုစုခြင်း စွမ်းရည်ပြသရာ သတိလစ်လူနာအား ရှေးဦးပြုစုခြင်း၊ ညှပ်ရိုးကျိုးလူနာနှင့် ဦးခေါင်းဒဏ်ရာရလူနာတို့အား သုံးထောင့်ပတ်တီး စီးနည်းဖြင့် ရှေးဦးပြုစုခြင်း၊ မြွေကိုက်လူနာအား ရှေးဦးပြုစုခြင်းလုပ်ငန်းများဖြင့် စွမ်းရည်ပြသကြသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သွေး လွန် တုပ် ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ ပင်လောင်းမြို့ မွေတော်ဘုရားကြီးအနီး မြို့ပင်မရေဆိုးထုတ်မြောင်းတူးဖော် ရှင်းလင်းခြင်းနှင့် ပေါင်းမြက်ချုံနွယ်ရှင်းလင်းခြင်းကို စက်တင်ဘာ ၁၅ရက်ကဆောင်ရွက်ကြရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေ၊ မြို့နယ်အတွင်းရေးမှူး ဒေါ်မင်းမင်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး၌ စာကြည့်တိုက်များ ရှင်သန်ရေး သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး စက်တင်ဘာ ၂၀

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတ ရသ၊ ဝတ္ထု၊ ဂျာနယ်နှင့်မဂ္ဂဇင်းစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးလှရှိန်က အဖွင့်အမှာစကားပြောကြားပြီး မိဘများဖြစ်ကြသည့် ဦးတိုး-ဒေါ်ညိုအား အမှူးထား၍ ရွှေကြာအင်း ၂ရပ်ကွက်နေ ဦးမောင်မောင်ဌေး-ဒေါ်ခင်ခင်လတ်မိသားစုက သုတရသ စာအုပ်မျိုးစုံ ၁၅၈အုပ်၊ ရန်ကုန်မြို့ FMI City နေ ဦးမောင်မောင်ထွေး-ဒေါ်ရီရီမြင့် မိသားစုက သုတရသ စာအုပ်မျိုးစုံ ၁၅၇အုပ်၊ တောင်တွင်းကြီးမြို့ ရွှေကြာအင်း၂ရပ်ကွက်နေ မဝင်းရွှေနှင့် မတင်တင်ဌေးတို့ကသုတရသ စာနယ်ဇင်းမျိုးစုံ ၁၅၇အုပ်၊ အုန်းတော ၁ရပ်ကွက်နေ ဦးဘိုလှ-ဒေါ်မြင့်ကြည်မိသားစုက သုတရသစာနယ်ဇင်းမျိုးစုံ ၃၀၄အုပ်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ရွှေနိုင်ငံ၊ စိမ်းလဲ့ရွှေပြည်ဂျာနယ် ၅၄စောင်ကို မြို့နယ်ဦးစီးမှူး ဦးလှရှိန်ထံ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ်၂၃ရက်က ဘူတာရပ်ကွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်ဗိုလ်ဗိုလ်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖြူးမြို့နယ်စည်ပင် မြို့သာယာလှပရေး မြေယာရှင်းပြုပြင်

ဖြူး စက်တင်ဘာ ၁၂

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး လုပ်ငန်းဖြစ်သော ပဲခူးလမ်း မင်းကျောင်းရှေ့ မြေယာရှင်း ပြုပြင်ဆောင်ရွက်မှုအခြေအနေကို ဇူလိုင်၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးမြတ်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဆောမြို့ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဂန့်ဂေါ စက်တင်ဘာ ၁၃

ဂန့်ဂေါခရိုင် ဆောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ရက်က ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက စာအုပ်မျိုးစုံ ၄၁၆ အုပ်ကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးညီညီဌေး၊ ဒေါ်ခင်ကျော့ဟန် မိသားစုက စာအုပ်မျိုးစုံ ၉၁ အုပ်ကိုလည်းကောင်း မြို့နယ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၇၁)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြို့ပြလမ်းဖြစ်သော ချယ်ရီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းခြင်းကို ဩဂုတ် ၂၂ ရက်က အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့၌ တံတားဆောက်လုပ်

လက်ပံတန်း စက်တင်ဘာ ၁၅

ပဲခူးတိုင်း (အနောက်ပိုင်း)လက်ပံတန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ခမုံ-နန်းတော်ဦး လမ်းမပေါ်တွင် သစ်သားတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁ရက်က အမှုဆောင် အရာရှိ ဦးနေမန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၁၇၅)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ဝိဇယလမ်းတွင် ရေမြောင်းများ တူးဖော်ခြင်းနှင့်အုတ်ရေမြောင်းများ ဆောင်ရွက်မှုကို ဩဂုတ် ၁၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ဈေးသည်များ စည်းကမ်းတကျရောင်းချရေးနှင့် ဈေးမီးဘေး လုံခြုံရေးအတွက် စက်တင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဦးသီဟထွန်း၊ ဒုတိယဦးစီးမှူး ဦးအောင်ထွန်းနှင့် မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၃၇)

တီးတိန်မြို့နယ် ကြံခိုင်ဖွံ့ဖြိုးရေး ဘောလုံးပြိုင်

တီးတိန် စက်တင်ဘာ ၁၉

တီးတိန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် ညနေ ၃ နာရီခွဲက ကမ်းဟောက်ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲအဖြစ် မြို့မအသင်းနှင့် အထက(၁)တို့ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပါဝင်

အဆိုပါ မိုးရာသီဘောလုံးပြိုင်ပွဲတွင် မြို့ပေါ်လေးရပ်ကွက် အပါအဝင် စုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သုခရိပ်လမ်းဆုံ ကတ္တရာလမ်းခင်း ဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန့်ဇင်နှင့်အဖွဲ့ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ လေဘေးသင့်သူများအား ကယ်ဆယ်ရေးပစ္စည်းပေးအပ်

ကျောင်းကုန်း စက်တင်ဘာ ၁၂

ပြင်သစ်ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ လေဘေးသင့်သူများအား လေဘေးကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် နံနက် ၁၀နာရီက ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် အတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်း ငါးခုတွင် ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်းအောင်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက ပြင်သစ်ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ပေးပို့လှူဒါန်းသည့် ခြင်ထောင်အလုံး ၅၀၀၊ စောင် ၁၀၁ထည်၊ တာပေါ်လင် ၂၀၂ချပ်တို့ကို လေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကွင်းဆင်း၍ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။ (အပေါ်ပုံ) (၁၅၄)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရမ်းဗြဲမြို့ပေါ် ရပ်ကွက်နှင့် စာသင်ကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွှန့်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းကြိုတင်ကာကွယ် တားဆီးရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး သီပေါ၌ပညာပေး

သီပေါ စက်တင်ဘာ ၁၂

သီပေါမြို့နယ် ရဲတပ်ဖွဲ့က မှုခင်းပညာပေးဟောပြောပွဲကို စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများ မှုခင်းပညာပေးဟောပြောပွဲနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးဟောပြောပွဲများကို စက်တင်ဘာ၁ရက်က သီပေါမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် သီပေါမြို့နယ် ရဲစခန်းမှူး ရဲအုပ်ကံမြင့်နှင့်တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းကြိုတင် ကာကွယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ပညာပေးဟောပြောသည်။ (အောက်ပုံ) (စာပေနှင့်စာနယ်ဇင်း)

နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု နွားထိုးကြီး၌ စည်းဝေး

နွားထိုးကြီး စက်တင်ဘာ ၁၄

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်၂၆ရက်က မြို့နယ်စုပေါင်းရုံးတွင် ကျင်းပရာ ကြက်ဆူပင် တစ်ရွာ တစ်အုပ်တစ်မ ဧက ၁၀၀ စိုက်ပျိုးရေး၊ နေရာရှာရေး၊ မျိုးဖြန့်ဝေမှုနှင့် ကြက်ဆူပင် ဧကပြည့်မီရေး၊ နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုတို့ကို ညှိနှိုင်းစည်းဝေးကြသည်။ (၀၉၂)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာတရားစခန်းပွဲ

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသဦးစီး၍ ကျင်းပပြုလုပ်အပ်သော မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ၃၀-၉-၂၀၀၈ရက်မှ ၆-၁၀-၂၀၀၈ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူယောဂီပုဂ္ဂိုလ်များသည် ၂၉-၉-၂၀၀၈ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ် လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၈၅-၈၁၆၇၅၊ ၀၉-၅၁-၀၅၆၆၅၊ ၆၃၆၅၈၀၊ ၆၃၅၆၃၂တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဥတုရာသီ တောကိုမှီ၏

ပထဝီဝင်
ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

၉-၁၁-၂၀၀၈ရက်တွင် မန္တလေးတက္ကသိုလ်၊ ပထဝီဝင်ဌာန၌ ပူဇော်ကျင်းပပါမည်။ ရပ်ဝေးရပ်နီးမှ နှစ်အလိုက် ပထဝီဝင်ဘွဲ့ရ ကျောင်းသားဟောင်းများအား ဖိတ်ခေါ်ပါသည်။ အသေးစိတ်သိလိုပါက အောက်ပါအမှုဆောင်များထံ ဖုန်းဆက်၍ စုံစမ်းနိုင်ပါသည်။

၆-၁၀-၂၀၀၈ရက်တွင် ညှိနှိုင်းအစည်းအဝေးရှိပါသည်။ ထိုအစည်းအဝေးသို့တက်ရောက်ရင်း အလှူငွေ ထည့်ဝင်နိုင်ပါသည်ခင်ဗျား။

ဆက်သွယ်ရန်အမှုဆောင်များ

၁။ ဒေါက်တာနေဝင်း၊ ပါမောက္ခ(ဌာနမှူး) ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်။
၂။ ဦးစန်းမြင့်၊ ပါမောက္ခ(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း-၀၉-၆၉-၇၁၇၃၃၊၀၂-၇၂၄၉၂၊၀၂-၇၃၀၈၀။
၃။ ဦးလှိုင်ဝင်း C.E.O, Mandalay Times Journal (အတွင်းရေးမှူး) ဖုန်း-၀၉-၂၀-၀၅၈၉၄၊၀၉-၂၀-၂၀၆၅၁။
၄။ ဒေါက်တာဝင်းဆွေ၊ပါမောက္ခ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၁-၃၀၂၆၅၊၀၂-၂၁၀၃၁။
၅။ ဦးသိန်းလွင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၂-၇၃၅၅၁။
၆။ ဦးစိုးနိုင်ဦး(တွဲဖက်အတွင်းရေးမှူး-၂) ဖုန်း-၀၉-၂၀-၁၃၂၃၅။
၇။ ဒေါ်ခင်ရွှေဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀-၀၁၈၉၄။

ဥက္ကဋ္ဌ
အခမ်းအနားဖြစ်မြောက်ရေးကော်မတီ။

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်ဝစေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တနိုင်း-ရှင်ဗွေယန်-ပန့်ဆောက်လမ်းမကြီးပေါ်ရှိ တနိုင်းတံတား ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၆ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်း-ရှင်ဗွေယန်-ပန့်ဆောက်လမ်းမကြီးပေါ်ရှိ တနိုင်းတံတား(ရှင်ဗွေယန်ဘက်ကမ်း)ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေလမ်းကြောင်းထိန်းသိမ်းမှုနှင့် ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေလမ်းကြောင်းထိန်းသိမ်းမှုကို ဦးစားပေးအဆင့်အလိုက် ခွဲခြားဆောင်ရွက်ရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တနိုင်းတံတား(ရှင်ဗွေယန်ဘက်ကမ်း) ရေလမ်းကြောင်းအခြေအနေတို့ကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကံတရား

* သူငယ်ချင်း... မင်းသူ့ကိုကြည့်
မိမိတိုင်းပြည် စည်ပင်ဖွံ့ဖြိုး
အလှတိုးအောင် ကြိုးပမ်းခဲ့တာ
ဘာမျှမရှိ။
* မတည်ငြိမ်အောင် ဆူပူအောင်တော့
ဆောင်ရွက်ခဲ့တာ အခါခါပေါ့။
* အလုပ်ရုံပိတ် စက်ရုံပိတ်ဖို့
ပိတ်ပင်ခဲ့တာ အခါခါပေါ့။
* ဒို့များမြန်မာ ဆိုရိုးမှာလျှင်
သတ္တဝါတစ်ခု ကံတစ်ခုတဲ့
ကိုယ်ပြုသည့်ကံ ကိုယ်သာခံတဲ့
အမှန်အမှား မစဉ်းစားဘဲ
မှားပြီးထပ်ခါ မှားနေပါလျှင်
သူသာပြိုကွဲ အကျိုးနည်းမည်
ကဲ... စိတ်တော့မကောင်းဘူး သူငယ်ချင်း။ ။

စိုးမိုး(ပုသိမ်)

တနိုင်းတံတား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်း - ရှင်ဗွေယန် - ပန့်ဆောက်လမ်းမကြီးပေါ်ရှိ တနိုင်းတံတား(ရှင်ဗွေယန်ဘက်ကမ်း)ကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

မြန်မာနိုင်ငံ ဒေသအသီးသီးမှ နှမ်းစပါး၊ မိုးစပါးများ ပုံမှန်ထွက်ရှိနေ၍ ဆန်ဈေးနှုန်း တည်ငြိမ်လျက်ရှိ

ဈေးကွက်သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၂၂

ဆိပ်ကမ်းမြို့နယ် လမ်းမတော် ဆိပ်ကမ်းနယ်မြေ ဝါးတန်းလမ်းနှင့် လမ်းသစ်လမ်းကြားရှိ အမှတ် ၁၀၀ ကိုင်းတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်သို့ စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့၏ ယနေ့ဆန်အဝင်အထွက်နှင့် ဆန်ဈေးနှုန်းများသိရှိနိုင်ရန် ကွင်းဆင်းစေ့ငုခဲ့သည်။

ထပ်မံတိုးချဲ့

ယခင်က အကျယ်ပေ ၅၀၊ အလျားပေ ၂၀၀ ရှိသော ဆိပ်ကမ်းဂိုဒေါင် ကုန်စည်ဒိုင်ခန်းမကြီး ထပ်မံတိုးချဲ့နေသည်ကို တွေ့ရသည်။ နောက်ထပ် ပေ ၁၀၀ ခန့် တိုးချဲ့နေခြင်းဖြစ်သည်။ ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များ၊ စာမျက်နှာ ၆ ကော်လံ ၁ *

ကော့မှူးမြို့နယ်ထွက် ဆန်များ တင်ဆောင်လာသော စက်တပ်သမ္ဗန်ငယ်များကို ဆိပ်ကမ်းတွင် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အကျဉ်းသား ၉၀၀၂ ဦးအား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေး

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်လျက် အဆင့်(၄)ဖြစ်သော နောင်အနာဂတ် နိုင်ငံတော်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအများက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးလည်းဖြစ်သည်။

စီမံဆောင်ရွက်

ဤသို့ နိုင်ငံတော်သစ်တည်ထောင်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့သည်။ သို့ရာတွင် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

ပြန်လည်စေလွှတ်

ယခုအခါ စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူမှုရေးအရ စာနာထောက်ထားခြင်းအားဖြင့် လည်းကောင်း၊ ယင်းတို့၏မိသားစုများအား ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ ၎င်းတို့သည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာကို နားလည်ကြပြီး စာမျက်နှာ ၉ ကော်လံ ၁